# လယ်ယာ စီးပွား သတင်း

The Agri-Business News

၁၉၉၆ ခုနှစ်တွင် စတင်တည်ထောင်သည်။


စိုက်ပျိုးမွေးမြူရေးထွက်ကုန်များ ဘေးအန္တရာယ်ကင်းရှင်းစေရန်နှင့်
ဈေးကွက်ပိုမိုရရှိနိုင်ရန်အတွက်
စိုက်ပျိုးရေးဆိုင်ရာအလေ့အကျင့်ကောင်း (GAP)
ကောင်းမွန်သော ရေသတ္တဝါမွေးမြူရေးကျင့်စဉ် (GAqP)
ကောင်းမွန်သော တိရစ္ဆာန်မွေးမြူရေးကျင့်စဉ် (GAHP)
တို့ကို ကျင့်သုံးပါ။


၁၃၈၅ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၃ ရက်၊ ဗုဒ္ဓဟူးနေ (1-11-2023) အမှတ် (၈၃၅)



ပဲခူးမြို့နယ် ဇလက်ထော် ရေလှောင်တမံ ရေကျအဆောက်အအုံပျက်စီးမှု ပြုပြင်ပြီးစီး စာ – ၂ MOALI

စိုက်ပျိုးရေးမိုးလေဝသ စာ – ၈ ဘုန်းမြတ်

တောင်သူများအတွက် ရောတိုး သက်တမ်းတိုစပါး စာ – ၁၀ ကိုလင်း




ပြည်ထောင်စုဝန်ကြီးနှင့်ဧည့်သည်တော်များ ပြခန်းများကိုလေ့လာကြည့်ရှုစဉ်။

# ကမ္ဘာ့စားနပ်ရိက္ခာနေ့ အထိမ်းအမှတ် အခမ်းအနား နေပြည်တော်တွင် ကျင်းပ

**လူသားအားလုံး စားရေရိက္ခာဖူလုံမှုအတွက် အရေးပါမှုနှင့် စားရေရိက္ခာ ဖူလုံမှုမရှိပါက လူသားများရဲ့ ဘဝရပ်တည်မှုခက်ခဲသည်ကို သတိပြုမိပြီး အလေးထားကြိုးပမ်းဆောင်ရွက်ကြစေရန် ရည်ရွယ်၍ နှစ်စဉ် ကမ္ဘာ့နိုင်ငံအသီးသီးတွင် ‘ကမ္ဘာ့စားနပ် ရိက္ခာနေ့ (World Food Day) အထိမ်းအမှတ် အခမ်းအနားများကို ကျင်းပကြရာ ယခုနှစ်ကျင်းပသည့် အခမ်းအနား၏ဆောင်ပုဒ်မှာ ‘ရေသည် အသက်၊ ရေသည် ရိက္ခာ၊ တစ်ဦး တစ်ယောက်မချန် ရရှိစေရာ (Water is Life, Water is Food. Leave no one behind) ဖြစ်သည်။**

၂၀၂၃ခုနှစ်၊ ကမ္ဘာ့စားနပ်ရိက္ခာနေ့အထိမ်းအမှတ် အခမ်းအနားကို အောက်တိုဘာ ၁၆ ရက်က နေပြည်တော်ရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ရုံးအမှတ် ၁၅ စုဝေးဆောင်ခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ဦးမင်းနောင်၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ကမ္ဘာ့လူဦးရေ တိုးတက်လာသည်နှင့်အမျှ စားရေရိက္ခာလိုအပ်ချက် မြင့်မားလာပြီး ကမ္ဘာ့နိုင်ငံအသီးသီးက စားရေရိက္ခာဖူလုံရေးကို ကြိုးပမ်း ဆောင်ရွက်လျက်ရှိသည်။ ကိုဗစ်-၁၉ ကပ်ရောဂါကူးစက် ပြန့်ပွားခဲ့မှုနှင့် မျက်မှောက် ကမ္ဘာ့ပထဝီနိုင်ငံရေး ပဋိပက္ခများကြောင့် ကမ္ဘာလုံးဆိုင်ရာ ငတ်မွတ်ခေါင်းပါးမှု မြင့်တက်လာခဲ့ကြောင်းကို FAO က နောက်ဆုံးထုတ်ပြန်ခဲ့သည့် State of the Food Security and Nutrition in the World (SOFI 2023) အစီရင်ခံစာတွင် ဖော်ပြထားသည်။

ယနေ့ ကမ္ဘာ့နိုင်ငံအသီးသီးတွင် စီးပွားရေးတုံ့ဆိုင်းမှု၊ ကျဆင်းမှုနှင့် စားသောက်ကုန်ပစ္စည်းများ ဈေးနှုန်းကြီးမြင့်နေမှုများဖြင့် ရင်ဆိုင်နေကြရသည်။

လူဦးရေ အလျင်အမြန်တိုးတက်လာခြင်း၊ မြို့ပြများဖြစ်ထွန်းလာခြင်း၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာခြင်းနှင့် ရာသီဥတု ပြောင်းလဲမှုများကြောင့် ရေသယံဇာတ အရင်းအမြစ်များကို ပိုမို ထုတ်ယူသုံးစွဲလာနေကြရသည်။

ရေထု ညစ်ညမ်းမှုနှင့် ရေစီမံခန့်ခွဲရာတွင် အားနည်းမှုများကြောင့် ပိုမိုရှုပ်ထွေးသော၊ ဖြေရှင်းရန် ခက်ခဲသည့် စိန်ခေါ်မှုများကိုလည်း တစ်ဆက်တည်း ကြုံတွေ့ရသည်။

ရေနှင့် စားနပ်ရိက္ခာသည် စာ-၆ သို့

# ပဲခူးမြို့နယ် ဇလက်ထော်ရေလှောင်တမံ ရေကျအဆောက်အအုံပျက်စီးမှု ပြုပြင်ပြီးစီး



နေပြည်တော် အောက်တိုဘာ ၁၂

ပဲခူးမြို့နယ် ဇလက်ထော် ရေလှောင်တမံ၏ ရေပိုလွှဲအထွက်ဘက်အပိုင်းရှိ ရေကျအဆောက်အအုံ ပျက်စီးမှုကို အရေးပေါ်ပြုပြင်ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

ပဲခူးမြို့နယ်ရှိ ဇလက်ထော်ရေလှောင်တမံသည် မိုးသည်းထန်စွာ ဆက်တိုက်ရွာသွန်းမှုကြောင့် အောက်တိုဘာ ၁၀ ရက်တွင် ရေပိုလွှဲမှ ရေအမြင့် ၃ ဒသမ ၉ ပေကျော်အထိ ရေကျော် စီးဆင်းခဲ့ရာ ပင်မရေပိုလွှဲ အထက်ပိုင်း ရေကျအဆောက်အအုံများ ရေတိုက်စားပျက်စီးမှု ဖြစ်ပေါ်ခဲ့သဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖိုလ်ဖိုလ်ကျော် ဦးဆောင်၍ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနနှင့် တာဝန်ရှိသူများက အချိန်မီ ပြုပြင်ဆောင်ရွက်ပေးခဲ့သည်။

ထိုသို့ပြုပြင်ရာတွင် ပင်မရေပိုလွှဲ အထက်ပိုင်း၌ ယာယီရေတားတမံပြုလုပ်၍ ရေပိုလွှဲအောက်ပိုင်းအား လူအင်အား၊ စက်အင်အားများဖြင့် အမြန်ပြုပြင်ပြင်ဆင်ခဲ့ရာ အောက်တိုဘာ ၁၂ ရက်တွင် ပြင်ဆင်မှုပြီးစီး၍ ယာယီချောင်းပိတ်တမံကို ပြန်လည်ဖွင့်လှစ်ပေးသည်။

ယခုအခါ ပင်မရေပိုလွှဲမှ ကန်ရေပြည့်အထက်ရှိ ရေများကို ကောင်းမွန်စွာ စီးဆင်းလျက်ရှိကာ ရေမှတ်မှာ ၁၁၃ ပေရှိပြီး Spill way အထက် သုံးပေ ရေကျော်စီးဆင်းလျက်ရှိသည်။ သို့ဖြစ်၍ ဇလက်ထော်ရေလှောင်တမံနှင့် ပြုပြင်ပြီး ပင်မရေပိုလွှဲမှာ မူလအခြေအနေအတိုင်း တည်ငြိမ်စွာ ရှိနေပြီဖြစ်သည်။

ရေလှောင်တမံနှင့် ရေပိုလွှဲများ ကြံ့ခိုင်ရေး အမြဲစစ်ဆေးခြင်း၊ ရေကြီးကာလတွင် ရေကင်းများ ၂၄ နာရီချထားခြင်းနှင့် ရေလှောင်တမံ အရေးပေါ် အခြေအနေ ကြိုတင်စီမံခန့်ခွဲမှု (EPP) နှင့် အဆင့်အလိုက် တုံ့ပြန်မှုအစီအစဉ်များ ဆောင်ရွက်ရန် စီစဉ်ထားကြောင်း သိရသည်။

ရေလှောင်တမံများတွင် ထည့်သွင်း တည်ဆောက်ထားသည့် ရေပိုလွှဲများသည် ကန်ရေပြည့် သိုလှောင်နိုင်သည့် ပမာဏထက် ကျော်လွန်ပြီး စီးဝင်လာသော ရေများကို မူလမြစ်ချောင်းများအတွင်းသို့ စီးထွက်သွားစေရန် တည်ဆောက်ထားသော မူလအဆောက်အအုံ တစ်ခုသာ ဖြစ်သည်။

ထိုသို့ မိုးရွာသွန်းမှုကြောင့် စီးဝင်လာသော ရေထုထည် ပမာဏအနက်မှ ကန်ရေပြည့် သိုလှောင်နိုင်သော ပမာဏတစ်ခုအထိ ထိန်းသိမ်းသိုလှောင်ပေးထားခြင်းဖြင့် တမံအောက်ဖက်ရှိ ဒေသများ၏ ရေကြီးနစ်မြုပ်မှုကို အတိုင်းအတာတစ်ခုအထိ ကာကွယ်စောင့်ရှောက်ပေးလျက်ရှိသည်။

**MOALI ပြန်ကြားရေး**

# ပေါင်းလောင်းရေလှောင်တမံ ရေပိုလွှဲတွင် Hydraulic Elevator Dam တပ်ဆင်မည်



နေပြည်တော် အောက်တိုဘာ ၇

ပေါင်းလောင်းရေလှောင်တမံ ရေပိုလွှဲတွင် Hydraulic Elevator Dam တပ်ဆင်ပြီး ရေပိုမိုသိုလှောင်ကာ ရေအားလျှပ်စစ်ပိုမိုထုတ်လုပ်ရန်နှင့် ရေသောက်စနစ်တွင် သီးထပ်စွမ်းအားမြင့်မားရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ လယ်ယာကုန်ထုတ်လုပ်ငန်းများအတွက် အရေးပါသော စိုက်ပျိုးရေရရှိရေးနှင့် ဒေသသောက်သုံးရေဖူလုံရေး၊ ဆည်တမံများ၏ ဝင်ရေသိုလှောင်နိုင်မှု၊ တမံကြံ့ခိုင်မှုနှင့် ရေသောက်စနစ်များ သီးထပ်စွမ်းအားမြှင့်တင်ရေးအတွက် ဆောင်ရွက်ခြင်း ဖြစ်သည်။

ပေါင်းလောင်းမြစ်ဝှမ်းအတွင်းရှိ ဆင့်ကဲထပ်ဆင့် ရေအားလျှပ်စစ်စီမံကိန်းများဖြစ်သည့် အထက်ပေါင်းလောင်းတမံ၊ အလယ်ပေါင်းလောင်းတမံ၊ အောက်ပေါင်းလောင်းတမံနှင့် နန်ချိုရေအား လျှပ်စစ်စက်ရုံတို့၏ ဆောင်ရွက်ထားပြီး ပေါင်းလောင်းရေလှောင်တမံဆိုင်ရာ အချက်အလက်များ၊ တမံဝင်ရေထွက်ရေ အခြေအနေနှင့် လက်ရှိရေအသုံးပြုနိုင်မည့်အခြေအနေနှင့် ပေါင်းလောင်းဆည်ရေသောက်စနစ်၊ နွေစပါး၊ မိုးစပါး စိုက်ပျိုးမှု အခြေအနေများ၊ ရေပိုလွှဲမှ နှစ်အလိုက် ရေကျော်မှု အခြေအနေနှင့် ရေပိုလွှဲတွင် Hydraulic Elevator Dam တပ်ဆင်ရန် ဒီဇိုင်းပုံစံများ၊ တပ်ဆင်ခြင်းဖြင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှု ရှစ်ယူနစ်သန်းခန့် ပိုမိုရရှိလာနိုင်မည်ဖြစ်ကာ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်တွင် စတင်လုပ်ငန်းဆောင်ရွက်ပြီး (၂၀၂၄-၂၀၂၅) ခု ဘဏ္ဍာရေးနှစ်တွင် ပြီးစီးရန် လျာထားဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ရေပိုလွှဲ Hydraulic Elevator Dam တပ်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးပါက ရေပိုမိုသိုလှောင်နိုင်၍ ရေအားလျှပ်စစ်ပိုမိုထုတ်လုပ်နိုင်မည်ဖြစ်ပြီး ပေါင်းလောင်းရေလှောင်တမံမှ ရေသည် ဆည်ရေသောက်စနစ်တွင် သုံးသီးစိုက်ပျိုးရန်လုံလောက်မှုရှိသည့်အတွက် တစ်နှစ် သုံးသီး စိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာဦးစီးဌာနများ၊ တောင်သူများနှင့် ကွင်းဆင်းစစ်ဆေးပြီး သီးထပ်စွမ်းအားမြင့်မားရေး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားမည် ဖြစ်သည်။

လက်ရှိအခြေအနေတွင် အထက်ပေါင်းလောင်းတမံတွင် ကန်ရေပြည့်မှတ်အထိ ရေဝင်ရောက်ရှိခဲ့ပြီး ရေပိုလွှဲမှ ရေထုကိုးလက်မခန့်ကျော်ကျလျက်ရှိကြောင်း သိရသည်။

**MOALI ပြန်ကြားရေး**

လယ်ယာ စီးပွား သတင်း

The Agri-Business News

**အယ်ဒီတာချုပ်**

မြတ်စိုး(လှိုင်)

**အမှုဆောင်အယ်ဒီတာ**

တင်ကြည်လှိုင်

**ထုတ်ဝေသူ**

ဦးမျိုးတင့်ထွန်း

မြဲ - ၀၀၄၁၀

**ပုံနှိပ်သူ**

ဦးမောင်နီ

မြဲ - ၀၀၂၆၉

ကမ္ဘာအေးဘုရားလမ်း၊

စိမ်းလဲ့မေလမ်းသွယ်

ရန်ကင်းစာတိုက်ရန်ကုန်မြို့

**ခေါင်းစီးစာလုံး**

သက်မော်

**ဒီဇိုင်း**

မြတ်လင်း၊ ခင်နွယ်နီအောင်သိန်း

**ဖလင်၊ ကာလာခွဲ**

**Eagle**

**ကြော်ငြာ**

လယ်ယာစီးပွားသတင်းအဖွဲ့

**ဖြန့်ချိရေး**

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်**
**ဆည်မြောင်းဝန်ကြီးဌာန**
**ပြည်နယ်နှင့်တိုင်းဒေသကြီးရုံးများ**
**ရန်ကုန် – စာပေဗိမာန်အရောင်းဆိုင်**
**– ဝါမိုးအောင်စာပေ၊**
**စာပေဗိမာန်အနီး**
**မန္တလေး – မန္တလေးရုံးခွဲ**
**– စီမံကိန်းဦးစီးဌာန**

## အယ်ဒီတာ့အာဘော်

# ရိက္ခာလုံခြုံမှု အခြေအနေကောင်းများ ဆက်လက်ထိန်းသိမ်း



ယခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့ အခမ်းအနားကို နေပြည်တော်တွင် ၂၀၂၃ ခုနှစ် အောက်တိုဘာ ၁၆ ရက်က ကျင်းပရာ ယခုနှစ်ဆောင်ပုဒ်မှာ ''ရေသည် အသက်၊ ရေသည် ရိက္ခာ၊ တစ်ဦးတစ်ယောက်မချန် ရရှိစေရာ'' (Water is Life, Water is Food, Leave no one behind) ဖြစ်၍၊ စားနပ်ရိက္ခာ ထုတ်လုပ်ရေးတွင် ရေ၏အရေးပါမှု၊ အရေးကြီးမှုများကို ဆွေးနွေးခြင်း၊ ပြခန်းများ ခင်းကျင်း၍ ပညာပေးခြင်းများကို အထူးအလေးထား ဆောင်ရွက်ခဲ့ကြသည်။

အခမ်းအနားတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က အမှာစကားပြောကြားရာတွင်လည်း ''ယနေ့အချိန်အခါတွင် ကမ္ဘာ့ လူဦးရေတိုးတက်လာနေမှုနှင့်အမျှ မြင့်မားလာသော စားရေရိက္ခာ လိုအပ်ချက်ဖူလုံရေးကို ကြိုးပမ်းကြရာတွင်၊ ရေ၏အရေးပါမှုကို အလေးထားတင်ပြသွားသည်ကို တွေ့ရှိရသည်။

ယခုအခါတွင် ကမ္ဘာ့လူဦးရေအလျင်အမြန်တိုးတက်လာနေ၍ မြို့ပြအသစ်များ ပေါ်ထွန်းလာခြင်း၊ စီးပွားရေးလုပ်ငန်းအသီးသီးတွင် ရေသည်မရှိမဖြစ် လိုအပ်ချက်ဖြစ်နေ၍ ပိုမိုထုတ်ယူသုံးစွဲလာရခြင်း၊ တစ်ချိန်တည်း၌ပင် ကမ္ဘာ့ရာသီဥတုဖောက်ပြန် ပြောင်းလဲမှုများနှင့်လည်း ကြုံတွေ့နေကြရာ ယင်းတို့၏အကျိုးဆက်အဖြစ် ရေထုညစ်ညမ်းမှုနှင့် ရေစီမံခန့်ခွဲရာတွင် ဖြေရှင်းရန် ခက်ခဲသည့် စိန်ခေါ်မှုများနှင့်လည်း ကမ္ဘာ့လူသားများ ကြုံတွေ့ရလျက် ရှိသည်။

ရေနှင့်စားနပ်ရိက္ခာသည် လူသားများ အသက်ရှင်ရပ်တည်နိုင်ရေးအတွက် မရှိမဖြစ် အဓိကလိုအပ်ချက်ဖြစ်ရာ ''ထမင်း အသက် ခုနစ်ရက်၊ ရေအသက် တစ်မနက်''ဟုပင် ဆိုရိုးစကား ရှိနေသည်။

ထို့ပြင် လက်တွေ့ဘဝတွင် ယခုနှစ်ပိုင်း၌ ထုတ်ပြန်သည့် ကုလသမဂ္ဂအစီရင်ခံစာ၌ ကမ္ဘာ့လူဦးရေ ၂ ဒသမ ၄ ဘီလီယံသည် ရေရရှိရေးအခက်အခဲဖြစ်နေသည့် နိုင်ငံများတွင် နေထိုင်နေကြရကြောင်း၊ ကမ္ဘာ့ရေအရင်းအမြစ်အားလုံး၏ ၂ ဒသမ ၅ ရာခိုင်နှုန်းသည် ရေချိုပမာဏဖြစ်၍ လူတိုင်းရေချိုကို ညီညီမျှမျှရရှိရန် ခဲယဉ်းနေဦးမည်ဖြစ်သည်မှာ ထင်ရှားနေပေသည်။

ထိုကဲ့သို့ ကမ္ဘာတစ်ဝန်း ရေနှင့်ပတ်သက်သည့် အခက်အခဲများ ကြုံတွေ့နေရချိန်တွင် မြန်မာနိုင်ငံအနေနှင့် အနည်းငယ်ခံသာသေးသည်ဟု ဆိုနိုင်သည်။

အခြားကမ္ဘာ့နိုင်ငံများနည်းတူ ရာသီဥတုပြောင်းလဲမှုဒဏ်၊ သဘာဝဘေးဒဏ်၊ ကိုဗစ် ၁၉ ကူးစက်ကျရောက်မှုဒဏ်အပါအဝင် စိုက်ပျိုးမွေးမြူ ကုန်ထုတ်လုပ်မှု ကွင်းဆက်တစ်လျှောက် အကန့်အသတ်များ၊ အနည်းနှင့်အများ ကြုံတွေ့ခံစားခဲ့ရသော်လည်း သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ ပြည်သူများ၊ တောင်သူများနှင့် လုပ်ငန်းရှင်များ၏ အသိတရားနှင့် စည်းလုံးညီညွတ်မှုစွမ်းအားများဖြင့် အရှိန်အဟုန်မပျက် ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့ကြသည်ဟု ဆိုနိုင်ပါသည်။

ထို့ကြောင့်လည်း ၂၀၂၂-၂၀၂၃ ခုနှစ်က စပါးစိုက်ဧက ၁၇ ဒသမ ၅၃ သန်း (အထွက်တင်းသန်း ၂၁၅ ဒသမ ၀၇ ခန့်) ပဲမျိုးစုံ စိုက်ဧက ( ၉ဒသမ၇၅ သန်း (အထွက်တင်း သန်း ၁၅၇ ဒသမ ၁၄ ကျော်)၊ အသားထုတ်လုပ်မှု ပိဿာသန်း ၇၄၈ ဒသမ ၄၀၊ ငါးပုစွန် ထုတ်လုပ်မှု ပိဿာ ၃၈၂၇ ဒသမ ၀၂ သန်းကျော်၊ နို့ထုတ်လုပ်မှု ပိဿာသန်း ၁၃၃၃ ဒသမ ၁၂ ခန့်၊ ဥအလုံးရေသန်းပေါင်း ၃၈၇၀ ကျော် ထုတ်လုပ်နိုင်ခဲ့ကာ၊ ပြည်တွင်းစားသုံးမှု ဆန်၊ ဆီနှင့်ပဲမျိုးစုံ ဖူလုံမှုရရှိကာ ဒေသတွင်း စားနပ်ရိက္ခာလုံခြုံမှုကို များစွာ ပံ့ပိုးပေးနိုင်ခဲ့သည်။

သို့သော် သဘာဝဘေးဟူသည် ကြိုတင်တွက်ဆထားရမည့် ကိစ္စတစ်ရပ်ဖြစ်၍၊ လက်ငင်းကြုံတွေ့နေရသည့် အယ်လ်နီညို ဖြစ်စဉ်ကြောင့် အပူလွန်ကဲခြင်း၊ ရေကန်များခမ်းခြောက်ခြင်း၊ မြေအောက်ရေမျက်နှာပြင် နိမ့်ကျခြင်းများ ဖြစ်ပေါ်လာနိုင်ခြေရှိ၍၊ စိုက်ပျိုးရေနှင့် သောက်သုံးရေ အခက်အခဲကြောင့် စိုက်ပျိုးမွေးမြူ ထုတ်လုပ်မှုများတွင် ထိခိုက်ဆုံးရှုံးမှုများ မဖြစ်ပေါ်စေရေးအတွက် ကြိုတင်အစီအမံများ ပြုလုပ်ထားနိုင်မှသာ ယခင်ရရှိထားပြီးသည့် ရိက္ခာလုံခြုံမှု အခြေအနေကောင်းများကို ဆက်လက်ထိန်းသိမ်းနိုင်မည် ဖြစ်ပါကြောင်း။ ။

# ဆိပ်ဖြူတွင်စပါးမျိုးကွဲ ဆာဖိုးသာ စမ်းသပ်စိုက်ပျိုး



**ပခုက္ကူ အောက်တိုဘာ ၂၀**

ပခုက္ကူခရိုင် ဆိပ်ဖြူမြို့နယ်ရှိ မြင်ကဝကျေးရွာ ကွင်းအမှတ် ၁၁၂၂ တွင် ဆာဖိုးသာ စပါးမျိုးသစ်ကို Seeder ဖြင့် စမ်းသပ်စိုက်ပျိုးထားကြောင်း သိရသည်။

ဆာဖိုးသာ စပါးမျိုးသစ်သည် အသက်ရက် ၁၀၀-၁၂၅၊ တစ်နှံပါသီးလုံး ၄၁၄ ရှိပြီး၊ တစ်ဧက ပျမ်းမျှအထွက်နှုန်း ၁၂၀-၁၅၀ တင်းအထိ ထွက်ရှိကြောင်း သိရသည်။

ဆိပ်ဖြူမြို့နယ်၌ ယခုနှစ်မိုးစပါးစိုက်ပျိုးရာတွင် ဆင်းသုခ၊ မနောသုခ၊ ဧရာမင်းစပါးများ အများဆုံး စိုက်ပျိုးကြပြီး တောင်သူအများစုက ပိုးထောင်စိုက်ပျိုးကြသည်။

မြင်ကဝအုပ်စု၊ မြင်ကဝကျေးရွာနှင့် အောက်ဆိပ်ကျေးရွာများတွင် SRI (ပျိုးသက်ကောက်ကွက်ကြဲ)စနစ်ဖြင့် စိုက်ပျိုးထားသော ဧရာမင်းစပါးနှင့် ဆင်းသုခစပါး၊ Seeder(မျိုးစေ့ချကိရိယာ)ဖြင့် စိုက်ပျိုးထားသော ဆင်းသုခစပါးများ အောင်မြင်ဖြစ်ထွန်းနေပြီ ဖြစ်သည်။

**အေးမွန် (PKU)**

**ဆက်သွယ်ရန်**

လယ်ယာစီးပွားသတင်း
ကမ္ဘာအေးဘုရားလမ်း၊
စိမ်းလဲ့မေလမ်းသွယ်
ရန်ကင်းစာတိုက်ရန်ကုန်မြို့
ဖုန်း–၆၆၃၅၀၅

Email:
agribusinessnews2000@gmail.com

# မြန်မာ့ပြောင်းတန်ချိန် တစ်သန်းခွဲခန့် ပြည်ပသို့တင်ပို့နိုင်ခဲ့

**ရန်ကုန် အောက်တိုဘာ ၁၇**

ရှမ်းပြည်နယ် တောင်ပိုင်း၊ မြောက်ပိုင်းနှင့် အရှေ့ပိုင်းဒေသထွက် ပြောင်းတန်ချိန် ၄၀၀၀၀ မှ ၆၀၀၀၀ ခန့်အထိ အောက်တိုဘာမှစတင်ကာ တရုတ်သို့ တင်ပို့ရန် စီစဉ်လျက်ရှိသည်။

ဘိန်းအစားထိုး စိုက်ပျိုးရေးသီးနှံအဖြစ်မြန်မာ့ပြောင်းကို တရုတ်နိုင်ငံက ဝယ်ယူအားပေးလျက် ရှိရာ၊ အထူးသဖြင့် ရှမ်းပြည်နယ်ထွက်ပြောင်းများကို ဦးစားပေး တင်ပို့သွားမည်ဟု သိရသည်။

တရုတ်နိုင်ငံသည် နှစ်စဉ်ပြောင်းတန်ချိန် ၄၀၀၀၀ မှ ၆၀၀၀၀ ခန့်အထိ ပုံမှန်ဝယ်ယူတင်သွင်းလျက်ရှိရာ၊ ယခုနှစ်တွင်လည်း အလားတူ တင်ပို့နိုင်ရန် ကုမ္ပဏီများက စီစဉ်လျက်ရှိသည်။

ယခုနှစ်တွင် လက်ရှိအချိန်အထိ ပြောင်းတန်ချိန် တစ်သိန်းခွဲခန့် ပြည်ပနိုင်ငံများသို့ တင်ပို့ထားပြီးဖြစ်ရာ ထိုင်းနိုင်ငံသို့ အများဆုံး တင်ပို့ခဲ့ပြီး၊ ဗီယက်နမ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့သို့လည်း ပင်လယ်ရေကြောင်းမှ တင်ပို့လျက်ရှိသည်။

**(ABC - 004)**





# သနပ်ပင်မြို့နယ် ရေကြီးနစ်မြုပ်စပါးစိုက်ခင်းများ အမြန်ရိတ်သိမ်း

**ရန်ကုန် အောက်တိုဘာ ၁၉**

ပဲခူးတိုင်းဒေသကြီးအတွင်း ရေကြီးနစ်မြုပ်မှု ဖြစ်ပေါ်ခဲ့၍ မိုးစပါးစိုက်ခင်းအချို့ ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည်။

ယင်းအခြေအနေကို အမြန်ကျော်လွှားနိုင်ရန် သက်ဆိုင်ရာဌာနများအလိုက် ဆောင်ရွက်လျက်ရှိရာ သနပ်ပင်မြို့နယ် မိုးစပါးစိုက်ခင်းများကို အမြန်ရိတ်သိမ်းခြွေလှေ့နိုင်ရေးအတွက် ယနေ့နံနက်က ရိတ်သိမ်းခြွေလှေ့စက်ငါးစီးဖြင့် မြို့နယ်စိုက်ပျိုးရေးကြီးကြပ်မှုအဖွဲ့က ကွင်းဆင်းဆောင်ရွက်ပေးကြကြောင်း သိရသည်။

ABC - 004

# မိုးကြိုနှင့်မိုးနှောင်းချည်မျှင်ရှည်ဝါ မိတ္ထီလာခရိုင်တွင် ၄၂၈၆ ဧက စိုက်ပျိုးပြီးစီး

**ရန်ကုန် အောက်တိုဘာ ၂၂**

၂၀၂၃-၂၀၂၄ ခုနှစ်အတွက် မိတ္ထီလာခရိုင်တွင် ဝါမျိုးစုံစိုက်ဧက ၄၂၈၆ စိုက်ပျိုးပြီးစီးနေပြီဟု သိရသည်။

ယခုနှစ် မိုးကြိုနှင့်မိုးနှောင်း ချည်မျှင်ရှည်ဝါကို မိတ္ထီလာမြို့နယ်တွင် ၈၄၂၁ ဧက၊ မလှိုင်မြို့နယ်တွင် ၆၁၆၄ ဧက၊ သာစည်မြို့နယ်တွင် ၁၀၂၁၇ ဧကနှင့် ဝမ်းတွင်းမြို့နယ်တွင် ၁၃၅၅၁ ဧက စိုက်ပျိုးပြီးကြောင်း သိရသည်။

ထို့ပြင် မလှိုင်ချည်မျှင်တိုဝါမျိုးကို မိတ္ထီလာမြို့နယ်တွင် ၃၂၀ ဧကနှင့် မလှိုင်မြို့နယ်တွင် ၄၁၉၅ ဧက ထည့်သွင်း စိုက်ပျိုးထားသည်။ **ABC - 004**



# မြန်မာနိုင်ငံထုတ် အေးခဲအသားများ တရုတ်သို့စတင်ပို့ဆောင်ရန် စီစဉ်

**ရန်ကုန် အောက်တိုဘာ ၂၂**

မြန်မာနိုင်ငံက ထုတ်လုပ်သည့် အေးခဲထားသော အမဲသား၊ ဆိတ်သားနှင့် ဘဲသား စသည့် အေးခဲအသားများကို တရုတ်အပါအဝင် ပြည်ပဈေးကွက်များသို့ တင်ပို့နိုင်ရန် စီစဉ်နေကြောင်း သိရသည်။

လက်ရှိတွင် တင်ပို့နိုင်ခြင်း မရှိသေးသော်လည်း တရုတ်သို့ စတင်တင်ပို့နိုင်ရန် စီစဉ်နေခြင်း ဖြစ်သည်။

ယခုအခါ ယင်းလုပ်ငန်းဆောင်ရွက်လိုသည့် ရင်းနှီးမြှုပ်နှံသူများနှင့် ဆွေးနွေးလျက်ရှိပြီး တိရစ္ဆာန်ရောဂါထိန်းချုပ်ရေးဇုန်များ တည်ထောင်ရန် စီစဉ်လျက်ရှိသည်။



[illegible] GACC ၏ [illegible] နှင့် အေးခဲအသားများတင်ပို့ရန် လုပ်ဆောင်နေဆဲဖြစ်သည်ဆို၏။

ယင်းသို့ ပို့ကုန်အေးခဲအသားများ ထုတ်လုပ်နိုင်ရန်၊ လိုအပ်သည့်အရည်အသွေးနှင့် လိုက်နာရမည့် ကျင့်စဉ်များအတွက် အမိန့်ညွှန်ကြားချက်များလည်း မကြာမီတွင် ထုတ်ပြန်သွားမည်ဟု သိရသည်။

ABC - 004

# ကျိုင်းတုံမြို့နယ် တိရစ္ဆာန်ကောင်ရေစာရင်း ကောက်ယူမည်

ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့နယ်တွင် တိရစ္ဆာန်ကောင်ရေ စာရင်းကောက်ယူခြင်းလုပ်ငန်းကို တစ်မြို့နယ်လုံး၏ ၂၀ ရာခိုင်နှုန်းကောက်ယူခြင်းစနစ်ဖြင့် လာမည့်နိုဝင်ဘာ ၁ ရက်မှ ၃၀ ရက်အထိ ဆောင်ရွက်မည်ဟု သိရသည်။

ယင်းသို့ ကောက်ယူရာတွင် ကျွဲ၊ နွား၊ ဝက်၊ ဆိတ်၊ ကြက်၊ ဘဲစသည့် တိရစ္ဆာန်အရေအတွက် ကောက်ယူမည်ဖြစ်ရာ၊ မြေပြင်ကွင်းဆင်းကောက်ယူမည့် အဖွဲ့များကို စာတွေ့လက်တွေ့ သင်ကြားပို့ချပေးထားကြောင်း သိရသည်။

ယင်းလုပ်ငန်းကို ၂၀၁၈ ခုနှစ်က တစ်ကြိမ်ဆောင်ရွက်ခဲ့ပြီး၊ ယခုထပ်မံ ဆောင်ရွက်ခြင်းဖြစ်သည်။ **ABC - 004**

# ပြည်တွင်းဆန်စျေးနှုန်း ပြန်လည်ကျဆင်း



ဆန်အမျိုးအစားပေါ်မူတည်၍ တစ်အိတ်လျှင် ကျပ် ၂၀၀၀ မှ ၁၀၀၀၀ အထိ ကျဆင်းသွားကြောင်း မြန်မာနိုင်ငံဆန်စပါးကုန်သည်များအသင်း (ဝါးတန်းဆန်ဒိုင်)ထံက သိရသည်။

လက်ရှိတန်းနိမ့် ၂၅ မှတ်ဆန် စျေးနှုန်းများမှာ မျိုးကွဲများ (ပေါ်ကျွဲ၊ ခွံနီ၊ ငစိန်၊ ဧည့်မထနှင့် သီပု စသည်) အပေါ်မူတည်၍ တစ်အိတ်လျှင် ကျပ် ၆၀၀၀၀ မှ ၈၈၀၀၀ ကြားရှိကာ ယခင်က တစ်အိတ်လျှင် ကျပ် ၆၈၀၀၀ မှ ၉၈၀၀၀ အထိ မြင့်မားခဲ့သည်။

စက်တင်ဘာကုန်တွင် ဆန်တစ်အိတ်လျှင် ကျပ် ၁၀၀၀၀၀ နှုန်းပေါက်ခဲ့သည့် ဖျာပုံနှင့် ဒေးဒရဲဒေသများက တန်းမြင့်ပေါ်ဆန်း ဆန်များသည် အောက်တိုဘာလဆန်းပိုင်းတွင် ပြန်လည်ကျဆင်းလာကြောင်း သိရသည်။

သို့ရာတွင် မြောင်းမြ၊ ပုသိမ်နှင့် ရွှေဘိုမှ တန်းမြင့်ပေါ်ဆန်း ဆန်စျေးနှုန်းများမှာ တစ်အိတ်လျှင် ကျပ် ၁၀၀၀၀၀ မှ ၁၂၅၀၀၀ အတွင်း မပြောင်းလဲဘဲရှိနေသည်။

မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်နှင့် ဆက်စပ်အသင်းများ၊ ဆန်စပါးကုမ္ပဏီများ၊ ဆန်စက်လုပ်ငန်းရှင်များနှင့် ကုန်သည်များ ပူးပေါင်း၍ အရပ်ဘက် ဝန်ထမ်းများနှင့် စက်ရုံလုပ်သားများအတွက် ရောင်းချခြင်း၊ ဆန်စပါးကုန်စည်ဒိုင်များတွင် ရောင်းချခြင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ဖြန့်ဖြူးရောင်းချခြင်း လှည့်လည်ရောင်းချသည့် ရွေ့လျားစျေးကွက် အစီအစဉ်နှင့် မြို့နယ်အချို့ရှိ အခွန်လွတ်စျေးများတွင် ရောင်းချခြင်း စသည့် အစီအစဉ် အမျိုးမျိုး အသုံးပြု၍ သင့်တင့် မျှတသော စျေးနှုန်းဖြင့် ဆန်များကို ရောင်းချပေးခဲ့သည်။

မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်သည် ပေါ်ဆန်းနှင့် ဧည့်မထဆန်မျိုးကွဲများအတွက် ထောက်ပံ့ပေးသည့် နှုန်းထားဖြင့် ရောင်းချပေးခြင်းအစီအစဉ်ကို ဝါးတန်းနှင့် ဘုရင့်နောင်ကုန်စည်ဒိုင် လက်ကားအရောင်းစင်တာများတွင် ဩဂုတ် ၇ ရက်က စတင်ခဲ့ပြီး စားသုံးသူတစ်ဦးချင်း နိုင်ငံသားစိစစ်ရေးကတ်ဖြင့် တစ်လလျှင် ပေါ်ဆန်း ဆန်တစ်အိတ်နှင့် ဧည့်မထဆန် တစ်အိတ်ဝယ်ယူခွင့်ရှိကြောင်း သိရသည်။

ဆန်စျေးနှုန်းများမှာ ရွှေဘိုပေါ်ဆန်းဆန် တစ်အိတ်လျှင် ၁၁၀၀၀၀-၁၂၀၀၀၀ ကျပ်၊ ဧရာဝတီ ပေါ်ဆန်းဆန် တစ်အိတ်လျှင် ၉၄၀၀၀-၉၇၀၀၀ ကျပ်၊ ဧည့်မထဆန် (၁၀ မှတ်ဆန်) တစ်အိတ်လျှင် ကျပ် ၆၅၀၀၀၊ ဧည့်မထ (၂၅ မှတ်ဆန်) တစ်အိတ်လျှင် ကျပ် ၆၀၀၀၀ နှုန်းရှိသည်။

**အေးအေးခိုင်**

# တန်ဖိုးမြင့် လက်ဖက်ထုတ်ကုန်များ ထုတ်လုပ်ရန် ဆောင်ရွက်နေ



တန်ဖိုးမြင့် လက်ဖက်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရန်နှင့် လက်ဖက်ဝိုင်ကဲ့သို့ ဆန်းသစ်တီထွင်ထားသော တန်ဖိုးမြင့်ထုတ်ကုန်များ တီထွင်ထုတ်လုပ်နိုင်ရန် စီမံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဆန်းသစ်တီထွင် တန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်မှုတွင် လက်ဖက်စို၊ လက်ဖက်ခြောက် (ခါး၊ ချို၊ ချဉ်)နှင့် လက်ဖက်ဝိုင်တို့ ပါဝင်သည်။

မြန်မာနိုင်ငံသည် လက်ဖက်ထွက်ရှိရာ မူရင်းဒေသများအနက် တစ်ခုဖြစ်ပြီး၊ မိရိုးဖလာ စိုက်ပျိုးနည်းဖြင့်သာ စိုက်ပျိုးကြကာ လက်ဖက်စိုက်ခင်းများကို ရှမ်းပြည်နယ် မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးများတွင် တွေ့ရှိရသည်။

လက်ဖက်ရွက်ခူးရာတွင် အပင်၏ကြံ့ခိုင်မှု၊ ပေါက်ရောက်ရာဒေသနှင့် စိုက်ပျိုးသည့် ရာသီဥတုအခြေအနေပေါ် မူတည်၍ တစ်နှစ်လျှင် အကြိမ်များစွာ ခူးယူနိုင်သည်။ လက်ဖက်ရွက်ကို နွေရာသီ၌ ခူးယူနိုင်သော်လည်း အအေးပိုင်းဒေသများ၌ လက်ဖက်ရွက်ခူးသည့်စက်ဝန်းမှာ ကာလကြာရှည်သည်။

လက်ဖက်ရွက် ခူးဆွတ်ရာတွင် အစိတ်အပိုင်းအချို့ကို ချန်ထားခဲ့ရန် အရေးကြီးသည်။ ထိပ်ဖျားဖူးများသည် အရသာအကောင်းဆုံးဖြစ်ပြီး၊ လက်ဖက်ရွက်၏ အနုအရင့် အခြေအနေပေါ် မူတည်၍ လက်ဖက်ခြောက်ကို အမည်ပေး မှည့်ခေါ်လေ့ရှိကြောင်း သိရသည်။

လက်ဖက်ခြောက် လုပ်ငန်းကို နွေရာသီနှင့် မိုးရာသီမတိုင်မီအချိန်တွင် လုပ်ကိုင်ကြပြီး မိုးရာသီတွင် လုပ်ငန်းများကို ခေတ္တရပ်ဆိုင်းကာ လက်ဖက်အစိုလုပ်ငန်းကို လုပ်ကိုင်ကြသည်။

လက်ဖက်တိုးချဲ့ စိုက်ပျိုးခြင်းလုပ်ငန်းကို အမျိုးသားစီမံကိန်းငါးနှစ်တာကာလအဖြစ် သတ်မှတ်၍ ၁၉၉၁-၁၉၉၂ ဘဏ္ဍာနှစ်မှ စတင်ခဲ့ရာ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် လက်ဖက်စိုက်ဧကပေါင်း ၂၃၉၀၀၀ ကျော်သို့ တိုးချဲ့ဆောင်ရွက်နိုင်ခဲ့ပြီ ဖြစ်သည်။

၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်၌ စိုက်ဧက ၂၄၀၀၀၀ အထိ တိုးတက်လာခဲ့ပြီး အထွက်နှုန်းမှာ စီမံကိန်းမစတင်မီက တစ်ဧကလျှင် ၂၃၀ ပိဿာခန့် ထွက်ရှိခဲ့ရာမှ ၂၇၅ ပိဿာအထိ မြင့်တက်လာခဲ့သည်။

ထိုသို့ တိုးတက်လာသော်လည်း နိုင်ငံတကာထက် နောက်ကျနေသေးကြောင်း မြန်မာနိုင်ငံလက်ဖက်အသင်း၏ ပြောကြားချက်အရ သိရသည်။

၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် နှစ်စဉ် မြန်မာ့လက်ဖက်ထုတ်လုပ်မှုသည် ပိဿာချိန် ၆၉ သန်း ရှိခဲ့ပြီး၊ ၂၀၂၁ ခုနှစ်တွင် လက်ဖက်တင်ပို့မှုမှ ကန်ဒေါ်လာ ၂ ဒသမ ၅ သန်း ဝင်ငွေရရှိခဲ့သည်။

ကမ္ဘာ့လက်ဖက်ခြောက်ထုတ်လုပ်မှုပမာဏသည် ၂၀၀၃ ခုနှစ်တွင် တန်ချိန် ၃ ဒသမ ၂၁ သန်း ရှိခဲ့ရာမှ ၂၀၀၈ ခုနှစ်တွင် တန်ချိန် ၄ ဒသမ ၇၃ သန်းအထိ မြင့်တက်လာခဲ့ပြီး၊ လက်ဖက်ထုတ်လုပ်သည့် ထိပ်တန်းနိုင်ငံများမှာ တရုတ်၊ အိန္ဒိယ၊ ကင်ညာ၊ သီရိလင်္ကာနှင့် တာကီယဲတို့ ဖြစ်ကြောင်း သိရသည်။

**နှင်းရီဝင်း**




ရှေ့ဖုံး-ကမ္ဘာ့စားနပ်ရိက္ခာ မှ

မိမိတို့လူသားများ နေ့စဉ် အသက်ရှင်သန်ရပ်တည်ရန် မရှိမဖြစ် လိုအပ်ချက်ဖြစ်ပြီး၊ ယခုနှစ်ပိုင်းထုတ်ပြန်ခဲ့သည့် ကုလသမဂ္ဂ အစီရင်ခံစာများအရ ကမ္ဘာ့လူဦးရေ ၏ ၂ ဒသမ ၄ ဘီလီယံသည် ရေရရှိရေး အခက်အခဲဖြစ်နေသည့် နိုင်ငံများတွင် နေထိုင်နေရသည်ဟု သိရသည်။

ကမ္ဘာ့ရေအရင်းအမြစ်အားလုံး၏ ၂ ဒသမ ၅ ရာခိုင်နှုန်းကသာ ရေချိုဖြစ်သည့်အတွက် လူတိုင်း ရေချိုကို ညီတူညီမျှရရှိရန် ခဲယဉ်းလျက် ရှိသည်။

ရေချိုများ တဖြည်းဖြည်း လျော့နည်းလာရသည့် အကြောင်းများတွင် လူသားများ၏ လုပ်ဆောင်ချက်သည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။ ဆယ်စုနှစ်နှစ်ခုအတွင်း ဖြစ်ပွားခဲ့သော သဘာဝဘေးများ၏ ၇၄ ရာခိုင်နှုန်းမှာ ရေနှင့်ဆက်နွယ်လျက်ရှိပြီး စီးပွားရေး ဆုံးရှုံးမှုအနေဖြင့် ဒေါ်လာ ဘီလီယံ ၇၀၀ ခန့် ရှိခဲ့သည်။

မြန်မာနိုင်ငံအနေဖြင့် လည်း အခြားသော ကမ္ဘာ့နိုင်ငံများနည်းတူ ရာသီဥတု ပြောင်းလဲမှု၊ သဘာဝဘေးဒဏ်၊ ကိုဗစ်-၁၉ ကူးစက်ရောဂါ ကျရောက်ဖြစ်ပွားမှုနှင့် ပထဝီနိုင်ငံရေး အခြေအနေများကြောင့် စိုက်ပျိုးမွေးမြူထုတ်လုပ်မှုကွင်းဆက်တစ်လျှောက်မှာ အကန့်အသတ်များ ကြုံတွေ့ခဲ့ရသော်လည်း ဝန်ကြီးဌာနနှင့် ဆက်စပ် ဝန်ကြီးဌာနများ၊ ပြည်သူများ၊ တောင်သူများနှင့် လုပ်ငန်းရှင်များက အရှိန်အဟုန်မပျက် ကြိုးပမ်းအားထုတ်ဆောင်ရွက်ခဲ့ကြခြင်းကြောင့် ၂၀၂၂-၂၀၂၃ ခုနှစ်အတွင်း စပါးသီးနှံ စိုက်ဧက ၁၇ ဒသမ ၅၃ သန်း မှ အထွက်တင်းသန်းပေါင်း ၁၃၃၈ ဒသမ ၆၅ ကျော်ခန့်၊ ဆီထွက်သီးနှံ စိုက်ဧက ၈ ဒသမ ၃၅ သန်းမှ အထွက်တင်းသန်း ၂၁၅ ဒသမ ၀၇ခန့်၊ ပဲမျိုးစုံ စိုက်ဧက ၉ ဒသမ ၇၅ သန်း မှ အထွက်တင်းသန်း ၁၅၇ ဒသမ ၁၄ကျော် ထုတ်လုပ်နိုင်ခဲ့ပြီး၊ အသားထုတ်လုပ်မှု ပိဿာသန်းပေါင်း ၇၄၈ ဒသမ ၄၀၊ ငါးပုစွန်ထုတ်လုပ်မှု ပိဿာ သန်း ၃၈၂၇ ဒသမ ၀၂ ကျော်ခန့်၊ နို့ထုတ်လုပ်မှု ပိဿာ သန်းပေါင်း ၁၃၃၃ ဒသမ ၁၂ခန့် နှင့် ဥအလုံးရေ သန်းပေါင်း ၃၈၇၀ ကျော် ထုတ်လုပ်နိုင်ခဲ့သည်။

စိုက်ပျိုးမွေးမြူရေး ထွက်ကုန်များအနေဖြင့် ပြည်တွင်း စားသုံးမှု ဖူလုံပိုလျှံခဲ့ပြီး ဆန်ဖူလုံမှု ၁၅၄ ဒသမ ၃၃ ရာခိုင်နှုန်း၊ စားသုံးဆီ ဖူလုံမှု ၁၂၆ ဒသမ ၂ ရာခိုင်နှုန်းနှင့် ပဲမျိုးစုံ ဖူလုံမှု ၅၁၂ ရာခိုင်နှုန်းအထိ ရရှိခဲ့သဖြင့် လယ်ယာထွက်ကုန်တင်ပို့မှုများသည် နိုင်ငံ၏စုစုပေါင်းတင်ပို့မှု တန်ဖိုး၏ ၂၈ ဒသမ ၈ရာခိုင်နှုန်းအထိ ကိုယ်စားပြုနိုင်ခဲ့ပြီး ဒေသတွင်းနှင့် ကမ္ဘာ့စားနပ်ရိက္ခာလုံခြုံမှုကို ပံ့ပိုးပေးနိုင်ခဲ့သည်။

မြန်မာနိုင်ငံအနေဖြင့် အယ်လ်နီညိုဖြစ်စဉ်ကြောင့် အပူလွန်ကဲခြင်း၊ မြေပေါ်ရေကန်များ ဆောလျင်စွာ ခမ်းခြောက်ခြင်း၊ မြေအောက်ရေများ ရေမျက်နှာပြင်နိမ့်ကျခြင်းများ ဖြစ်ပေါ်လာနိုင်ပြီး စိုက်ပျိုးရေနှင့် သောက်သုံးရေ အခက်အခဲများ ဖြစ်ပေါ်လာနိုင်သဖြင့် စိုက်ပျိုးထုတ်လုပ်မှုများတွင် ထိခိုက်ဆုံးရှုံးမှု မဖြစ်စေရေးနှင့် ထိခိုက်မှုအနည်းဆုံး ဖြစ်စေရေးအတွက် ရေလှောင်တမံ၊ ရေလွှဲဆည်၊ ကန်နှင့် ရေတံခါးတို့မှ သိုလှောင်ရေ အခြေအနေအပေါ် မူတည်၍ နွေစပါး စိုက်ပျိုးရေ ပေးဝေခြင်းနှင့် ဒေသတွင်း သောက်သုံးရေ ပေးဝေခြင်းများကို ကြိုတင်ချိန်ဆ ပြင်ဆင်ထားရှိပြီး ဖြစ်သည်။

နိုင်ငံအလယ်ပိုင်း အပူပိုင်းဇုန်တွင်လည်း ဆည်ငယ် ကန်ငယ်များ အထူးဦးစားပေး၍ တူးဖော်ပြုပြင်ပေးပြီး ဒေသတွင်းရှိ လူနှင့်ကျွဲ၊ နွားတိရစ္ဆာန်များ သောက်သုံးရေ ဖူလုံစွာရရှိအောင် စီစဉ်ဆောင်ရွက်ထားကာ လာမည့်နှစ် မိုးရာသီတွင် မုတ်သုန်အဝင် နောက်ကျနိုင်သဖြင့် မိုးစပါး ပျိုးထောင်နိုင်ရေး၊ ဒေသနှင့် လိုက်လျောညီထွေရှိပြီး ရေလိုအပ်မှု အနည်းဆုံးဖြစ်သည့် သီးနှံပုံစံအတွဲ (Cropping Pattern) ကို တောင်သူများနှင့်ညှိနှိုင်းရွေးချယ်ရေးတို့ကို ကြိုတင်စီမံ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

၂၀၂၄ ခုနှစ်၊ နှစ်လယ်ပိုင်းအထိ ရှိနေမည့် အယ်နီညို သက်ရောက်မှုအတွက် ဒေသတွင်းနိုင်ငံများနည်းတူ နိုင်ငံအတွက် အကျိုးရှိနိုင်မည့် စီမံ ဆောင်ရွက်ချက်များကို ဆက်စပ်ဌာနဆိုင်ရာများ၊ ပြည်သူများ၊ တောင်သူများ၊ စီးပွားရေး လုပ်ငန်းရှင်များနှင့် ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်သွားမည် ဖြစ်သည်။

ထို့ကြောင့် လယ်ယာကဏ္ဍ လုပ်ငန်းနယ်ပယ် အသီးသီးတွင် ပါဝင်ပတ်သက်သူ အားလုံးတို့က ကျရာအခန်းကဏ္ဍမှနေ၍ တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်သွားကြရမည် ဖြစ်ပေသည်။

**MOALI ပြန်ကြားရေး**

# စိုက်ပျိုးရေးဆိုင်ရာ စာရင်းအချက်အလက်များ တစ်နေရာတည်းတွင် စုစည်းထားသည့် အချက်အလက်ဘဏ္ဍာတိုက် အိန္ဒိယလွှင့်တင်

အိန္ဒိယအစိုးရသည် စိုက်ပျိုးရေးကဏ္ဍအတွက် ယုံကြည်စိတ်ချရမှုရှိသော အချက်အလက်များကို ပံ့ပိုးပေးနိုင်ရန်အတွက် စိုက်ပျိုးရေးဆိုင်ရာ စာရင်းအချက်အလက်များ တစ်နေရာတည်းတွင် စုစည်းထားသည့် အချက်အလက်ဘဏ္ဍာတိုက် (Unified portal for agri-statistics-UPag) ကို လွှင့်တင်ခဲ့ကြောင်း သိရသည်။

စိုက်ပျိုးရေးစာရင်းအချက်အလက်ဘဏ္ဍာတိုက်သည် မူဝါဒချမှတ်သူများ၊ သုတေသနပြုသူများနှင့်သက်ဆိုင်သူများကို အထောက်အထားပြည့်ပြည့်စုံစုံဖြင့် ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် စံနှုန်းများနှင့် ကိုက်ညီပြီး ယုံကြည်စိတ်ချရသည့် အချက်အလက်များ ပံ့ပိုးပေးရန် ရည်ရွယ်ခြင်းဖြစ်ကြောင်း သိရသည်။

UPAg ကို လွှင့်တင်ပြီး နောက် အစိုးရ၏ မူဝါဒပိုင်း ဆိုင်ရာ လေ့လာသုံးသပ်ရေး အဖွဲ့ ၏ (Niti Agyog) အဖွဲ့ဝင်ဖြစ်သူ Ramesh Chand က အိန္ဒိယ၏ စိုက်ပျိုးရေးနယ်ပယ်တွင် အချက် အလက်စီမံခန့်ခွဲမှု ချောမွေ့စေရန် နှင့် မြှင့်တင်ရန် ဒီဇိုင်းထုတ်ထားသည့် ဤဆန်းသစ်သော နည်းလမ်း သည် ပိုမိုထိရောက်ပြီး တုံ့ပြန်မှု ရှိသော စိုက်ပျိုးရေးမူဘောင်များ ချမှတ်နိုင်ရန်အတွက် အလွန်အရေး ကြီးသည့် လုပ်ဆောင်ချက် ဖြစ်ကြောင်း၊ အချက်အလက်များ သည် ဘက်လိုက်မှုကင်းပြီး သမာသမတ်ကျမှုမြင့်မားပါက အချက်အလက်များကို ဘာသာ ပြန်ဆိုရာတွင် တိကျသေချာစွာနှင့် ပွင့်လင်းမြင်သာမှုရှိသည့်အတွက် အချက်အလက်စုံလင်စွာဖြင့် ဆုံးဖြတ်ချက် ချမှတ်နိုင်မည် ဖြစ်သဖြင့် မူဝါဒဆိုင်ရာချမှတ်မှု များကို လွယ်ကူစွာ ဆောင်ရွက်နိုင် မည်ဖြစ်ပါကြောင်း ၄င်း၏ ထုတ်ပြန်ချက်တွင် ဖော်ပြထား သည်။

UPAg Protal သည် သုံးစွဲသူများကို ယုံကြည်စိတ်ချ ရပြီး ဘက်လိုက်မှုမရှိသည့် အသေးစိတ်အချက်အလက် များကို ရယူနိုင်မည်ဖြစ်ကာ သုတေသန ပိုင်းဆိုင်ရာ ကုန်ကျစရိတ် လျှော့ချပေးနိုင်မည် ဖြစ်သည်။ UPAg တွင် အချက်အလက်များ ကို စနစ်တကျပြုစုထားရှိခြင်း၊ အချက်အလက်များ ခွဲခြမ်း စိတ်ဖြာခြင်း၊ အသေးစိတ် ကုန် ထုတ်လုပ်မှုအခြေအနေ ခန့်မှန်း ခြင်းနှင့် ကုန်စည်အမျိုးအစား အလိုက် အစီရင်ခံစာကဲ့သို့သော အဓိကအင်္ဂါရပ်များ ပါရှိကြောင်း သိရသည်။

UPAg သည် အရင်းအမြစ် များစွာမှ အချက်အလက်များကို စုစည်းရန် လိုအပ်မှုကို ဖယ်ရှား ပေးပြီး ဈေးနှုန်း၊ ထုတ်လုပ်မှု၊ စိုက်ပျိုးဧက၊ အထွက်နှုန်းနှင့် ကုန်သွယ်မှုဆိုင်ရာ အချက်အလက် များကို တစ်နေရာတည်းတွင် ဝင်ရောက်ကြည့်ရှုနိုင်စေရန် ဆောင်ရွက်ထားသည်။

ကုန်ထုတ်လုပ်မှု အလား အလာများ၊ ကုန်သွယ်မှုနှင့် ဆက်စပ်မှုများနှင့် စားသုံးမှု အလား အလာကဲ့သို့ နောက်ဆုံး အခြေအနေများစသည့် ထိရောက်သည့် သုံးသပ်ချက်များကို ဖော်ဆောင် ပေးနိုင်မည်ဖြစ်သဖြင့် မူဝါဒ ချမှတ်သူများအား သတင်းအချက်အလက်စုံလင်စွာဖြင့် ဆုံးဖြတ်ချက် များချရာတွင် အထောက်အကူ ဖြစ်စေမည်ဖြစ်သည်။

**မျိုးမြင့်မောင်**

# ဗီယက်နမ်လယ်ယာထွက်ကုန် တင်ပို့ဝင်ငွေ စံချိန်သစ်တင်



ယခုနှစ်တွင် ဗီယက်နမ်နိုင်ငံ၏ ဆန်၊ ကော်ဖီ၊ သီဟိုဠ်စေ့နှင့် ဒူးရင်းကဲ့သို့သော စိုက်ပျိုးရေးထွက်ကုန်များမှ ပို့ကုန်ဝင်ငွေ စံချိန်သစ်တင်ခဲ့ကြောင်း သိရသည်။

ဗီယက်နမ်နိုင်ငံသည် ဩဂုတ်လကုန်အထိ ကန်ဒေါ်လာ ၂ ဒသမ ၉ ဘီလီယံ တန်ဖိုးရှိသော ကော်ဖီတန်ချိန် ၁ ဒသမ ၂ သန်းနီးပါးတင်ပို့ခဲ့ပြီး တင်ပို့မှုပမာဏ ၆ ရာခိုင်နှုန်းခန့် ကျဆင်းခဲ့သော်လည်း ကော်ဖီဈေးနှုန်းများ မြင့်တက်မှုကြောင့် ယခင်နှစ်အလားတူကာလထက်တင်ပို့မှု တန်ဖိုး ၂ ဒသမ ၃ ရာခိုင်နှုန်း မြင့်တက်ခဲ့သည်။

စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန၏ အဆိုအရ ဗီယက်နမ်သည် တစ်နှစ်ပတ်လုံး ကော်ဖီတန်ချိန် ၁ ဒသမ ၇ သန်းခန့် ပြည်ပသို့ တင်ပို့ပြီး စံချိန်တင်ဝင်ငွေ ကန်ဒေါ်လာ ၄ ဒသမ ၂ ဘီလီယံ ရရှိရန် အလားအလာ ရှိနေသည်။

ထို့ပြင် ဗီယက်နမ်သည် ဩဂုတ်တွင် သီဟိုဠ်စေ့တန်ချိန် ၆၁၀၀၀ တင်ပို့ခဲ့ပြီး ဝင်ငွေ ကန်ဒေါ်လာ ၃၃၄ သန်းရရှိကာ ဇူလိုင်နှင့် နှိုင်းယှဉ်ပါက ၁၁ ရာခိုင်နှုန်း တိုးလာခဲ့ကာ၊ ယခင်နှစ်ကာလတူထက် တက်လာသည်။

သီဟိုဠ်စေ့တင်ပို့မှု ပမာဏသည် ၂၀၂၃ ခုနှစ် ပထမရှစ်လအတွင်း စုစုပေါင်းတန်ချိန် ၃၉၆၀၀၀ နီးပါး၊ တန်ဖိုး ကန်ဒေါ်လာ ၂ ဒသမ ၃ ဘီလီယံရှိခဲ့ပြီး၊ တစ်နှစ်ထက် တစ်နှစ် ၁၅ ဒသမ ၅ ရာခိုင်နှုန်း တိုးလာခဲ့ကြောင်း သိရသည်။

ဇန်နဝါရီမှ ဩဂုတ်အတွင်း တရုတ်၊ ဂျာမနီ၊ အင်္ဂလန်၊ အာရပ်စော်ဘွားများပြည်ထောင်စုနှင့် ဆော်ဒီအာရေးဗီးယား စသည့် အဓိကဈေးကွက်များသို့ သီဟိုဠ်စေ့တင်ပို့မှုသည် ယခင်နှစ် ကာလတူထက် မြင့်တက်ခဲ့သည်။

ယခုနှစ်တွင် သီဟိုဠ်စေ့တင်ပို့မှုမှ ကန်ဒေါ်လာ ၃ ဒသမ ၁ ဘီလီယံကျော်ရရှိရန် ရည်မှန်းထားပြီး ဗီယက်နမ်သီဟိုဠ်စေ့အသင်း၏ အဆိုအရ ဈေးကွက်သည် ယခုနှစ်ကုန်အထိ ဆက်လက်မြင့်တက်လာစေရန် မျှော်လင့်ထားကြောင်း သိရသည်။

ဗီယက်နမ်နိုင်ငံသည် ဩဂုတ်ကုန်အထိ ပြည်ပသို့ ဆန်တန်ချိန် ခြောက်သန်းတင်ပို့ခဲ့ပြီး ၂၀၂၂ ခုနှစ်တွင် စံချိန်တင်ထားသည့်ပမာဏနှင့် ညီမျှသော ကန်ဒေါ်လာ ၂ ဒသမ ၃ ဘီလီယံနီးပါး တင်ပို့ခဲ့သည်။

ယခုနှစ်ကုန်တွင် ဆန်တန်ချိန် တစ်သန်းကျော် တင်ပို့နိုင်ရန် မျှော်မှန်းထားပြီး လက်ရှိပို့ကုန်ပေါက်ဈေးအရ ကန်ဒေါ်လာ သန်း ၆၀၀ ခန့် ရရှိမည် ဖြစ်သည်။ ၂၀၂၃ ခုနှစ်တွင် ကန်ဒေါ်လာ ၃ ဒသမ ၈ မှ ၃ ဒသမ ၉ ဘီလီယံခန့် ရရှိနိုင်မည့် ဆန်တန်ချိန် ၇ ဒသမ ၅ သန်းအထိ တင်ပို့နိုင်မည်ဟု မျှော်မှန်းထားကြသည်။

ရှစ်လတာအတွင်း ဒူးရင်းသီး တင်ပို့မှုမှ ကန်ဒေါ်လာ တစ်ဘီလီယံကျော်ရရှိခဲ့ပြီး အခြားထုတ်ကုန် အများအပြားသည် ယခုနှစ်၏ ကျန်လများတွင် ကောင်းမွန်စွာ ဖွံ့ဖြိုးတိုးတက်လာမည့် အလားအလာ ရှိနေသည်။

ထို့ပြင် ပိန္နဲသီး၊ သရက်သီး၊ ဖရဲသီးနှင့် အထူးသဖြင့် အုန်းသီးကဲ့သို့သော အခြားထွက်ကုန်များတွင်လည်း တင်ပို့မှု အလားအလာကောင်းများ ရှိနေသည်။

ဩဂုတ်အစပိုင်းမှစ၍ အမေရိကန်သည် ဗီယက်နမ်က အုန်းသီးများတင်သွင်းရန် လိုင်စင်ထုတ်ပေးပြီး တရုတ်နိုင်ငံသည်လည်း အုန်းသီးများကို ဈေးကွက်သို့ တရားဝင် တင်ပို့နိုင်ရန်အတွက် ကုဒ်များ ထုတ်ပေးနိုင်ရန် စဉ်းစားနေကာ၊ မကြာမီ အတည်ပြုပြီးပါက လာမည့်နှစ်တွင် အုန်းသီး တင်ပို့မှုပမာဏသည် လွန်ခဲ့သည့်နှစ်များ၏ ပျမ်းမျှပမာဏနှင့် နှိုင်းယှဉ်ပါက နှစ်ဆ မှ သုံးဆ တိုးလာနိုင်ပြီး၊ ကန်ဒေါ်လာ သန်း ၂၅၀ ခန့်အထိ ရှိလာနိုင်ကြောင်း သိရသည်။

**ဟေမာန်အောင်မင်း**



# မက္ကဆီကို ဘယ်ရီသီးနှင့် ထောပတ်သီးများ တင်ပို့မှု မြင့်တက်

မကြာသေးမီနှစ်များအတွင်းက ဘယ်ရီသီးနှင့် ထောပတ်သီးကဲ့သို့သော မက္ကဆီကို စိုက်ပျိုးရေးထွက်ကုန်များ တင်ပို့မှု မြင့်တက်လာကြောင်း သိရသည်။

၂၀၂၂ ခုနှစ် ဇူလိုင်မှစတင်၍ Jalisco ထောပတ်သီးများ တင်ပို့သည့် အဓိကဈေးကွက်ဖြစ်သော အမေရိကန်သို့ စတင်ပို့ဆောင်ခဲ့ပြီး ကနေဒါနှင့် ဂျပန်သို့ ဆက်လက်ပို့ဆောင်ခဲ့သည်။ ထို့ပြင် ဥရောပသမဂ္ဂ၊ အမေရိက အလယ်ပိုင်းနှင့် တောင်ပိုင်းဒေသများ တရုတ်စသော အာရှနိုင်ငံများသို့လည်း တင်ပို့ခဲ့သည်။

စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန (Sader) ၏ အဆိုအရ Jalisco ပြည်နယ်ထွက် ထောပတ်သီးများကို ကနေဒါ၊ ဂျပန်၊ အမေရိကန်၊ ဥရောပနှင့် အရှေ့အလယ်ပိုင်းရှိ နိုင်ငံများအပါအဝင် နိုင်ငံပေါင်း ၃၀ သို့ တင်ပို့လျက်ရှိကြောင်း သိရသည်။

ချီလီနိုင်ငံသည် ထောပတ်သီး ထုတ်လုပ်သော်လည်း ပြည်တွင်းစားသုံးမှုများပြား၍ လက်ရှိအချိန်တွင် ပီရူးမှထောပတ်သီးများကို တင်သွင်းလျက်ရှိသည်။

ယခုနှစ်တွင် Jalisco ပြည်နယ်၏ ထောပတ်သီးပို့ကုန်သည် ယခင်နှစ်နှင့် နှိုင်းယှဉ်ပါက ၁၀ ရာခိုင်နှုန်း တိုးလာမည်ဟု မျှော်လင့်ထားကာ ထောပတ်သီး ၃၀၈ တန်ကျော် ထုတ်လုပ်သည့် ဒုတိယမြောက် ထောပတ်သီးအများဆုံး ထုတ်လုပ်နိုင်သည့် ပြည်နယ်ဖြစ်သည်။

Jalisco ပြည်နယ်တွင် ဘလူးဘယ်ရီ၊ ဘလက်ဘယ်ရီနှင့် စတော်ဘယ်ရီများ အပါအဝင် ၁၀ ဟက်တာကျော်တွင် ဘယ်ရီသီးများစိုက်ပျိုးရန် ရည်ရွယ်ထားသည်။

Jalisco ပြည်နယ်ရှိ ထွက်ကုန်များသည် ဈေးကွက်တွင် ဝယ်လိုအား မြင့်တက်လာသောကြောင့် "မက္ကဆီကန်ကျေးလက်၏ ရွှေနီဒေသ"ဟု တင်စားခေါ်ဝေါ်ပြီး အဆိုပါပြည်နယ်ကို ရက်စ်ဘယ်ရီသီး ထုတ်လုပ်မှုတွင် နိုင်ငံအဆင့် ဦးဆောင်ဒေသအဖြစ် စုစည်းထားကြောင်း သိရသည်။ **မြတ်ဖူးငုံဦး**

## ဩစတြေးလျနိုင်ငံ၏လယ်ယာထုတ်လုပ်မှုကဏ္ဍ လျော့ကျနေသော်လည်း တတိယအမြင့်ဆုံးစံချိန်တင်နိုင်

ယခုနှစ်တွင် ကောက်ပဲသီးနှံ ထုတ်လုပ်မှု ၂၀ ရာခိုင်နှုန်း ကျဆင်းလိမ့်မည်ဟု ခန့်မှန်းထားသော်လည်း ဩစတြေးလျနိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍသည် နှစ်အလိုက် အသားတင်ထုတ်လုပ်မှု တန်ဖိုးတွင် တတိယအမြင့်ဆုံးဖြင့် စံချိန်တင်နိုင်မည်ဟု မျှော်လင့်ထားကြောင်း သိရသည်။

စိုက်ပျိုးရေး၊ သယံဇာတအရင်းအမြစ်နှင့် သိပ္ပံနည်းပညာဆိုင်ရာ ဩစတြေးလျဗျူရို(ABARES) ၏ နောက်ဆုံးခန့်မှန်းချက်တွင် ထုတ်လုပ်မှုတန်ဖိုးသည် ယခု ဘဏ္ဍာရေးနှစ်၌ ကန်ဒေါ်လာ ၈၆ ဘီလီယံအထိ ရောက်ရှိနိုင်မည်ဟု ခန့်မှန်းထားပြီး ယမန်နှစ် မှတ်တမ်းတင်ထားသည့် ကန်ဒေါ်လာ ၉၂ ဘီလီယံထက် အနည်းငယ်ကျဆင်းသွားမည် ဖြစ်သည်။

၂၀၂၃-၂၄ ခုနှစ်တွင် ကမ္ဘာ့ကုန်စည်ဈေးနှုန်းကျဆင်းနိုင်မှု မျှော်မှန်းချက်နှင့် ပြည်တွင်း ခြောက်သွေ့မှု အခြေအနေများကြောင့် ခန့်မှန်းထားသည့် ၁၄ ရာခိုင်နှုန်းခန့် ကျဆင်းသွားနိုင်ကာ ကန်ဒေါ်လာ ၈၀ ဘီလီယံအထိ ရောက်ရှိသွားလိမ့်မည်ဟု မျှော်မှန်းထားသည်။

ခြောက်သွေ့သော အခြေအနေများသည် မြောက်ပိုင်းသီးနှံစိုက်ခင်းများအပေါ်တွင် ယခုအချိန်အထိ အကြီးမားဆုံး အကျိုးသက်ရောက်မှုရှိနေပြီး၊ တောင်ပိုင်းသီးနှံ စိုက်ခင်းများအတွက် ဆောင်းရာသီ မိုးရာသွန်းပြီးနောက် မျှော်လင့်ချက်များ ရှိနေသည်။

နွေသီးနှံစိုက်ပျိုးမှုမှာ ယခင် နှစ်ထက် ကျဆင်းခဲ့သော်လည်း နွေဦးပေါက်နှင့် နွေရာသီ၌ မိုးရွာသွန်းပြီး ရေသိုလှောင်မှု မြင့်မားခြင်းကြောင့် ထုတ်လုပ်မှုသည် ပျမ်းမျှအထက်တွင် ရှိနေကြောင်း သိရသည်။

**ဖုန်းမြတ်ဝင်းမောင်မောင်**

**စိုက်**ပျိုးရေးနှင့် သက်ဆိုင်သော မိုးလေဝသပညာရပ်သည် မိရိုးဖလာရာသီခွင်ကို သဘာဝအခြေအနေနှင့် ယှဉ်တွဲလေ့လာသော သမားရိုးကျမိုးလေဝသပညာ နှင့်မတူပါ။ တောင်သူကြီး အများစုသည် ''မိုးစနေ၊ လေရာဟု''စသည်ဖြင့်လည်းကောင်း၊ မိုးလာရာ၊ လေလာရာ မျှော်ကြည့်ကြသည်။ တိရစ္ဆာန်တို့၏ သဘာဝကိုလေ့လာပြီး နေပူ၊ မိုးရွာခန့်မှန်း ကြသည်။ အပင်များ၏ သွင်ပြင်လက္ခဏာ ပြောင်းလဲမှုကို ကြည့်၍ မိုးဦး၊ မိုးလယ်၊ မိုးနှောင်းကောင်း၊ သင့်၊ ညံ့ စသည်ဖြင့် ကြိုတင်တွက်ချက်ကြလေ့ရှိသည်။ စိုက်ပျိုးရေး မိုးလေဝသပညာရပ်သည် သိပ္ပံနည်းကျကျ လေ့လာဆန်းစစ်သော မိုးလေဝသပညာရပ်ဖြစ်သည်။

# စိုက်ပျိုးရေး မိုးလေဝသ



**တုန်းမြတ်**



တောင်သူကြီးများ သိရှိထားသည့် မိရိုးဖလာ၊ သမားရိုးကျမိုးလေဝသပညာရပ်ဖြစ်သော မိုးလေဝသရာသီခွင် ချင့်ချိန်ခန့်မှန်းမှုကို ပိုမိုတိကျမှန်ကန်သိရစေရန် စိုက်ပျိုးရေး မိုးလေဝသပညာရပ်သည် စိုက်ပျိုးမွေးမြူသူတိုင်း လေ့လာထားကြရမည်။ အထူးသဖြင့် စိုက်ပျိုးရေး ပညာပေးမှုပြုလုပ်နေကြသော ဌာနဝန်ထမ်းများက ပို၍ သိရှိသင့်ကြသည်။

စိုက်ပျိုးရေး မိုးလေဝသပညာသည် ''သီးနှံစိုက်ပျိုး ထုတ်လုပ်နိုင်ရေးအတွက် အထောက်အကူပြုသော ရာသီဥတု အချက်အလက်များကို လေ့လာသော ပညာရပ်ဖြစ်သည်''ဟုလည်း (Agricultural Meteorology) လေ့လာဆည်းပူးခဲ့ကြသော ကျွမ်းကျင်ပညာရှင်များက အဓိပ္ပာယ်ဖွင့်ဆိုထားသည်။

သီးနှံပင်များအပါအဝင် သစ်ပင်များသည် မြေ၊ သီးနှံ၊ ပတ်ဝန်းကျင်ဟု ခေါ်ကြသော (Soil, Plant, Atmoshpere System) ဆိုသည့်စနစ်အတွင်းမှာ ရှင်သန် ပေါက်ရောက်ကြီးထွားကြရပါသည်။

တောင်သူကြီးများသည် စိုက်ပျိုးသီးနှံရှင်သန် အထွက်ကောင်းရန် သီးနှံနှင့် ကိုက်ညီသော ဒေသရွေးချယ်စိုက်ပျိုးနိုင်သည်။ မျိုးကောင်းမျိုးသန့်ကိုလည်း စိတ်ကြိုက် ရွေးချယ် စိုက်ပျိုးခွင့်ရှိနေသည်။ ကိုယ်စိုက်ပျိုးမည့် သီးနှံပင်နှင့် လိုက်ဖက်ညီသော မြေကြီးကိုလည်း ရွေးချယ်စိုက်ပျိုးနိုင်သည်။ စိုက်ချိန်ကိုလည်း ချိန်ဆနိုင်သည်။ သို့သော် ပတ်ဝန်းကျင် ရာသီဥတုကို ချိန်ဆရခက်ခဲနေပြီ။ ယခုအခါ ကမ္ဘာ့ဒေသအနှံ့တွင် ရာသီဥတုဖြစ်ပေါ် ပြောင်းလဲမှု ကြုံတွေ့နေကြရပြီ။ ရာသီဥတုကို လုံးဝကိုယ် လိုချင်သလို ပြုပြင်၍ မရသေးပါ။ ဖွံ့ဖြိုးဆဲနိုင်ငံများမဆိုထားနှင့်၊ ဖွံ့ဖြိုးပြီး နိုင်ငံကြီးများ စက်မှုအတတ်ပညာ အံ့မခန်းထွန်းကားနေသော နိုင်ငံကြီးများပင် ယခုအခါ ရာသီဥတုဖောက်ပြန်မှုကြောင့် သီးနှံစိုက်ခင်းပျက်ကြရပြီ။ တောင်ပြို၊ ရေကြီး၊ သစ်တောများ မီးလောင်ပြီး ပူပြင်းမှုလွန်ကဲနေပြီ။ ထို့ကြောင့် မိုးလေဝသကို မပြတ်လေ့လာနေကြ ရသည်။ အထူးသဖြင့် စားနပ်ရိက္ခာဖူလုံရေးအတွက် စိုက်ပျိုးရေးမိုးလေဝသသည် လက်ရှိ အချိန်ကာလ စိုက်ပျိုးရေးနှင့်မွေးမြူရေးတွင် တစ်ဖက်တစ်လမ်းမှ များစွာအထောက်အကူပြုနေပြီ ဖြစ်သည်။

လအလိုက်နှင့် ၁၀ ရက်ပတ်၊ စိုက်ပျိုးရေး မိုးလေဝသခန့်မှန်းချက်များကို မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာများ၌ ဖော်ပြနေသည်ကို စိုက်ပျိုးမွေးမြူကြသူများ လေ့လာလျှင် ဘင်္ဂလားပင်လယ်အော် အခြေအနေ၊ မိုးရွာသွန်းနိုင်မှု အခြေအနေ၊ အမြင့်ဆုံး အပူချိန်အခြေအနေ၊ အနိမ့်ဆုံး အပူချိန်အခြေအနေ၊ လေထုစိုထိုင်းဆ အခြေအနေ၊ ပင်ငွေ့ရေငွေ့ပျံနှုန်း အခြေအနေ၊ မြေဆီလွှာအောင်းရေ အခြေအနေတို့ ဖော်ပြထားသည်။ ဤတွင် ဖြစ်ထွန်းနိုင်၊ ရွာသွန်းမြဲခန့်ဆိုသော စကားလုံးများ 'ရှိနိုင်သည်'ဆိုသော ဖော်ပြချက်များ တွေ့ရသည်။ မိုးလေဝသခန့်မှန်းချက်များတွင် အသုံးပြုထားသော စကားလုံးများကို စိုက်ပျိုးမွေးမြူသူများ လေ့လာထားကြသင့်ပါသည်။

''မိုးရွာမည်''ဆိုပါက သေချာသည့် ရာခိုင်နှုန်း ၈၀ နှင့်အထက်ရှိနေသည်။ ''မိုးထစ်ချုန်း ရွာနိုင်သည်'' ဆိုပါက သေချာသည့် ရာခိုင်နှုန်း ၃၀ မှ ၅၀ ရှိသည်။

ကျွန်တော့် မိတ်ဆွေကြီး ဦးထွန်းလွင် (မိုးလေဝသ)က လိုတိုရှင်း ကျွန်တော့်ကို ရှင်းပြခဲ့သည်မှာ ''မည်''ဆိုလျှင် ၈၀ ရာခိုင်နှုန်းအထက်။ ''နိုင်''ဆိုလျှင် သေချာမှု ရာခိုင်နှုန်း ၆၀ ခန့်။ ''ဖွယ်''ဆိုလျှင် သေချာမှု ရာခိုင်နှုန်း ၄၀ ခန့်ဟု မှတ်ဖျာဟု ပြောခဲ့သည်။

''ရွာသွန်းမြဲ''ဆိုသည်မှာ မြို့တစ်မြို့၏ အနှစ် ၃၀ ပျမ်းမျှမိုးရေချိန် ကိုပြောတာ အပူချိန်ကျတော့ ''ဖြစ်မြဲ''ဆိုတာ မြို့တစ်မြို့ရဲ့ အနှစ် ၃၀ ပျမ်းမျှ အပူချိန်ကိုပြောတာ ဖြစ်ကြောင်း ရှင်းပြသည်။

ဒေသတစ်ခုရှိ မိုးရေချိန် တိုင်းတာသော စခန်းများ၏ ၃၀ ရာခိုင်နှုန်းခန့် မိုးရွာပါက ''နေရာကွက်ကြား''ဟု ဖော်ပြသည်။ ၅၀ ရာခိုင်နှုန်းခန့် မိုးရွာပါက ''နေရာကျဲကျဲ''၊ ၈၀ ရာခိုင်နှုန်းခန့် မိုးရွာပါက ''နေရာစိတ်စိတ်''၊ နေရာအနှံ့ မိုးရွာပါက ''နေရာအနှံ့အပြား''ဟုခေါ်ကြောင်း။ ''ပြတ်တောင်း''ဆိုတာက ရွာလိုက်၊ ရပ်လိုက် ဖြစ်နေတာ။ ''ခေတ္တခဏ''ဆိုတာက နာရီပိုင်းလောက် ရွာခြင်းဖြစ်သည်။ ''တစ်ခါတစ်ရံ''ဆိုတာက ၂၄ နာရီအတွင်း တစ်ကြိမ်နှစ်ကြိမ်ရွာခြင်း။ အနည်းငယ်ဆိုတာက ၂၄ နာရီအတွင်း ရွာသည့်မိုးမှာ မိုးရေချိန် တစ်လက်မထက်နည်းခြင်း။

''အသင့်အတင့်''ဆိုတာက ၂၄ နာရီအတွင်း ရွာသည့်မိုးသည် မိုးရေချိန် တစ်လက်မနှင့် နှစ်လက်မအကြား ရွာခြင်း။

သည်းထန်သည်ဆိုတာက တစ်နာရီအတွင်း တစ်လက်မနှင့်အထက်ရွာခြင်းဟု သိမှတ်ခဲ့ရသည်။

သိပ္ပံပညာဘာသာရပ်များ ဖြစ်သည့် မြေဆီလွှာသိပ္ပံ၊ ရူပဗေဒ၊ ဓာတုဗေဒ၊ ဇီဝဗေဒ၊ မိုးလေဝသပညာ၊ ရာသီဥတုပညာ၊ လယ်ယာသီးနှံပညာ၊ ဥယျာဉ်ခြံသီးနှံပညာ၊ အပင်ဇီဝကမ္မဗေဒဘာသာရပ်၊ မွေးမြူရေးသိပ္ပံပညာတို့ ပေါင်းစုလေ့လာရသော စိုက်ပျိုးရေးမိုးလေဝသပညာသည် ကွန်ပျူတာနှင့် ခေတ်မီဆက်သွယ်ရေး ပစ္စည်းများ၊ ဂြိုဟ်တုစနစ်တို့ကြောင့် စတင်တိုင်းတာမှု ပြုလုပ်ခဲ့သည့် ခရစ်နှစ် ၁၈၆၀ ကာလထက် သိသိသာသာကြီး တိုးတက်လာပါပြီ။ ထို့အတူ ရာသီဥတုပြောင်းလဲမှုကလည်း ကမ္ဘာ့ဒေသအနှံ့ သိသိသာသာပြောင်းလဲနေပါပြီ။ ရာသီဥတုအကြောင်း ပိုမိုသိရှိလာအောင် လေ့လာကြရပါမည်။ မိုးလေဝသသတင်းအချက်များ ကြိုတင်သိရှိမှ စိုက်ပျိုးရေးနှင့် မွေးမြူရေးကုန်ထုတ်လုပ်မှု မြင့်တက်လာစေမည် ဖြစ်ပါသည်။ ■

**ခေတ်မီဆက်သွယ်ရေးပစ္စည်းများ၊ ဂြိုဟ်တုစနစ်တို့ကြောင့် စတင်တိုင်းတာမှု ပြုလုပ်ခဲ့သည့် ခရစ်နှစ် ၁၈၆၀ ကာလထက် သိသိသာသာကြီး တိုးတက်လာပါပြီ။**

# လယ်ယာမြေကို အခြားနည်း သုံးစွဲမှုများ ဖြေရှင်းဆောင်ရွက်မည့် နည်းလမ်းနှင့် နောင်ထပ်မံမဖြစ်ပွားစေရေး ဆောင်ရွက်မည့်နည်းလမ်းများ လုပ်ထုံးလုပ်နည်း စံနှုန်း (Standard Operating Procedure –SOP) ရေးဆွဲပြုစုရေး ပြည်ထောင်စုအဆင့်လုပ်ငန်းကော်မတီ(တတိယအကြိမ်) လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ



နေပြည်တော်၊ အောက်တိုဘာ ၁၈

လယ်ယာမြေကို အခြားနည်း သုံးစွဲထားမှုများ ဖြေရှင်းဆောင်ရွက်မည့်နည်းလမ်းနှင့် နောင်ထပ်မံမဖြစ်ပွားစေရေးအတွက် ဆောင်ရွက်မည့် နည်းလမ်းများ လုပ်ထုံးလုပ်နည်း စံနှုန်း ရေးဆွဲပြုစုရေး ပြည်ထောင်စုအဆင့်လုပ်ငန်းကော်မတီ (တတိယအကြိမ်)လုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ ယနေ့ ကျင်းပသည်။

ထို SOP ကို နိုင်ငံတော်၏ စားရေးရိက္ခာ ဖူလုံရေးနှင့် လယ်ယာမြေများ မလျော့ပါးစေရေး၊ လက်ရှိမြေပြင်၌ ဖြစ်ပေါ်နေသည့် လယ်ယာမြေများအပေါ် ဥပဒေမဲ့ ကျူးလွန်လုပ်ဆောင်နေမှုများအား စနစ်တကျ လေ့လာဆန်းစစ်ပြီး စိုက်ပျိုးမြေများ မလျော့ပါးစေရေး၊ မှန်ကန်ရိုးသားစွာ လုပ်ဆောင်နေသောပြည်သူများ နစ်နာမှုမရှိစေရေး၊ တိုးပွားလာသော ပြည်သူလူထုအတွက် နေထိုင်နိုင်ရန် မြေနေရာနှင့် တိုးတက်ဖွံ့ဖြိုးလာသောစက်ရုံ၊ အလုပ်ရုံများအတွက် မြေနေရာရရှိရေးစားရေး ရိက္ခာဖူလုံရေးကိစ္စများကို အခြေခံ၍ လိုအပ်ချက်များကို အကောင်းဆုံး ဖြည့်ဆည်းပေးနိုင်ရန် ရေးဆွဲပြုစုခြင်းဖြစ်သည်။

အစည်းအဝေးတွင် ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး၏ ဆုံးဖြတ်ချက်များ အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှု၊ ကော်မတီအဖွဲ့ဝင်များ၏ SOP မူကြမ်းအပေါ် သုံးသပ်အကြံပြုချက်များအား စုစည်း၍ SOP မူကြမ်းထပ်မံရေးဆွဲပြီး ဦးစီးကော်မတီသို့ ဆက်လက်တင်ပြသွားရန် ဆောင်ရွက်ထားရှိမှုတို့ကို သက်ဆိုင်ရာကဏ္ဍများအလိုက် ဆွေးနွေးကြသည်။

ယခုကျင်းပသည့် ပြည်ထောင်စုအဆင့်လုပ်ငန်းကော်မတီ၏ (တတိယအကြိမ်) အစည်းအဝေး၌ လယ်ယာမြေကို အခြားနည်းသုံးစွဲထားမှုများ ဖြေရှင်းဆောင်ရွက်မည့် နည်းလမ်းနှင့် နောင်ထပ်မံမဖြစ်ပွားစေရေးအတွက် ဆောင်ရွက်မည့် နည်းလမ်းများ လုပ်ထုံး လုပ်နည်း စံနှုန်း (SOP) မူကြမ်းတွင် ခွင့်ပြုသင့်သည့် ကိစ္စရပ်များ၊ ခွင့်မပြုသင့်သော ကိစ္စရပ်များနှင့် နောင်တွင် ဥပဒေမဲ့ကိစ္စရပ်များ ထပ်မံ မဖြစ်ပွားစေရေးအတွက် ဥပဒေ ကျူးလွန်ဖောက်ဖျက်သူများကို ထိရောက်စွာ အရေးယူရမည့်အပိုင်းများကို ထည့်သွင်းရေးဆွဲထားရှိကြောင်း သိရသည်။ **MOALI ပြန်ကြားရေး**

# ပင်လယ်ကမ်းရိုးတန်း အဏ္ဏဝါ သယံဇာတ ထိန်းသိမ်းရေး သုတေသနနှင့် နည်းပညာဖလှယ်ရေး ပူးပေါင်းအဖွဲ့ ဖွဲ့စည်း

မြန်မာ့ပင်လယ်ပြင်နှင့် ရေအောက်သယံဇာတ ရေရှည်တည်တံ့စေရန် ပင်လယ်ကမ်းရိုးတန်း အဏ္ဏဝါ သယံဇာတ ထိန်းသိမ်းရေး သုတေသနနှင့် နည်းပညာဖလှယ်ရေး ပူးပေါင်းအဖွဲ့ ဖွဲ့စည်းလိုက်ကြောင်း သိရသည်။

ထိုအဖွဲ့သည် ငါးသယံဇာတ တည်ရှိနေမှုနှင့် ငါးမျိုးစိတ်များ ပျံ့နှံ့တည်ရှိနေမှုကို လေ့လာရန်၊ အဏ္ဏဝါဂေဟဗေဒဆိုင်ရာ အချက်အလက်များအလိုက် ငါးများ ပြောင်းလဲ ကျက်စားနေမှု အခြေအနေများ၊ မြန်မာနိုင်ငံရှိ ငါးများ၏ ဥနှင့် သားလောင်းများ ပေါက်ဖွားကြီးပြင်းရာအချိန်၊ ဒေသနှင့် ထိန်းသိမ်းကာကွယ်ရန် လိုအပ်သည့် မျိုးစိတ်များကို မှတ်တမ်းတင်ခြင်းများ ဆောင်ရွက်သွားမည်ဖြစ်သည်။

ထို့ပြင် မြန်မာ့ပင်လယ်ပြင်ရှိ သယံဇာတများကို နှစ်ပေါင်းများစွာရေရှည်ဖမ်းဆီး၍ ကောင်းမွန်စွာ စီမံခန့်ခွဲရန်အတွက် မရှိမဖြစ်လိုအပ်သော တိကျခိုင်မာသည့် သတင်းအချက်အလက်များကို အခြေခံကာ ရေရှည်တည်တံ့သော ငါးလုပ်ငန်းစီမံ ခန့်ခွဲမှု ဖြစ်လာစေရေး၊ အဏ္ဏဝါဇီဝမျိုးစုံ၊ မျိုးကွဲများ၊ အဏ္ဏဝါဂေဟဗေဒဆိုင်ရာ အချက်အလက်များနှင့် ငါးသယံဇာတ တည်ရှိမှုပမာဏကို အခြေခံကာ နှစ်စဉ်ပုံမှန်မျိုးမပြုန်းတီးစေဘဲ ဖမ်းဆီးနိုင်သော ပမာဏနှင့်ငါးများ တည်ရှိမှု ထုထည်ပမာဏတို့ကို လေ့လာဖော်ထုတ်ရန်၊ ကမ်းရိုးတန်းဒေသနှင့် ပင်လယ်ပြင်အတွင်း အဏ္ဏဝါအမှိုက်သရိုက်ရောက်ရှိမှုကို လေ့လာဆန်းစစ်ရန် အဏ္ဏဝါ အမှိုက်သရိုက် ညစ်ညမ်းမှုလျှော့ချရေးအစီအမံများ ချမှတ် ဆောင်ရွက်ခြင်းများကိုပါ လုပ်ဆောင်သွားမည် ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံ ပင်လယ်ကမ်းရိုးတန်းဒေသရှိ အဏ္ဏဝါ ဇီဝမျိုးစုံ၊ မျိုးကွဲများ ထိန်းသိမ်းရန်အတွက် လက်ရှိသဘာဝနယ်မြေများကို စနစ်တကျထိန်းသိမ်းကာကွယ်ရန် မှတ်တမ်းတင်သုတေသနပြုခြင်း၊ တရားမဝင်ငါးဖမ်းဆီးမှုများ မရှိစေရေး လူထုပညာပေးရေးလုပ်ငန်းများကို ဆောင်ရွက်ခြင်း၊ ကမ်းရိုးတန်းဂေဟစနစ်များ ထိန်းသိမ်းကာကွယ်ခြင်း လုပ်ငန်းများ၊ ကမ်းရိုးတန်း ဒီရေတောများ ကာကွယ် ထိန်းသိမ်းစောင့်ရှောက်ခြင်း အထောက်အကူပြုစေရန် သက်ဆိုင်ရာဌာန အချင်းချင်း အကြားတွင်လည်းကောင်း၊ ဌာနများနှင့် အခြားအကျိုးဆက်စပ်သူများ (ပုဂ္ဂလိက၊ ဒေသခံပြည်သူ၊ လူမှုရေးအဖွဲ့အစည်းစသည်) အကြား ပူးပေါင်းဆောင်ရွက်ရန် သုတေသနရလဒ်များကို ဖလှယ်နိုင်ရေး စာတမ်းဖတ်ပွဲများ ကျင်းပခြင်း၊ မှတ်တမ်းတင်ခြင်း၊ သတင်းမီဒီယာကတစ်ဆင့် ထုတ်ပြန်ကြေညာခြင်း၊ နှစ်စဉ် လုပ်ငန်းစီမံချက်များ ရေးဆွဲခြင်း၊ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို နိုင်ငံအဆင့် ပင်လယ်ကမ်းရိုးတန်း သယံဇာတ စီမံအုပ်ချုပ်လုပ်ကိုင်မှု လုပ်ငန်းကော်မတီသို့ တင်ပြခြင်း၊ နိုင်ငံတကာ သုတေသနအဖွဲ့အစည်းများနှင့် ပူးပေါင်းချိတ်ဆက်ဆောင်ရွက်ခြင်း၊ သုတေသန ရန်ပုံငွေရရှိရေး ဆောင်ရွက်ခြင်း၊ မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ခြင်းစသည်တို့ကိုလည်း လုပ်ငန်းတာဝန်အဖြစ် ဆောင်ရွက်သွားမည် ဖြစ်သည်။



ယင်းအဖွဲ့တွင် အဖွဲ့ ခေါင်းဆောင်သည် ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဖြစ်ပြီး၊ ဒုတိယ အဖွဲ့ခေါင်းဆောင်အဖြစ် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်က ဆောင်ရွက်မည်ဖြစ်ကာ သစ်တောဦးစီးဌာန၊ တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့၊ ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့၊ မွန်ပြည်နယ်အစိုးရအဖွဲ့၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၊ ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့၊ ရေကြောင်းရဲတပ်ဖွဲ့တို့မှ သက်ဆိုင်ရာ တာဝန်ရှိသူများ၊ အခြားအစိုးရဌာနများနှင့် အသင်းအဖွဲ့များက တာဝန်ရှိသူများလည်း အဖွဲ့ဝင်အဖြစ် ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

**KL**

# တောင်သူများအတွက် ရေတိုး သက်တ

**ပြောင်း** လဲလာသော ရာသီဥတုနှင့်အညီ စိုက်ပျိုးထုတ်လုပ်နိုင်ရေးအတက် ပိုးမွှားရောဂါခံနိုင်ရည်ရှိပြီး အရည်အသွေးကောင်း အာဟာရဓာတ်ပြည့်ဝသော မျိုးကောင်းမျိုးသန့်များ ပြည်တွင်း၌ စိုက်ပျိုးနိုင်ရေး အပင်ဇီဝနည်းပညာ ဗဟိုဌာနအနေဖြင့် ဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံတွင် လူကြိုက်များသည့် သက်တမ်း ၁၄၅ ရက် ရှိသော ဧရာမင်းစပါးမျိုးကို သက်တမ်း ၁၂၀ ရက်ရှိ ရေတိုးစပါးမျိုးအဖြစ် ပြောင်းလဲထုတ်လုပ်နိုင်ခဲ့ပြီး ဖြစ်သည်။

ကိုလင်း





သက်တမ်း ၁၄၅ ရက်ရှိသော ဧရာမင်းစပါးမျိုးကို သက်တမ်းတိုစေရန်နှင့် ယိုင်လဲမှုဒဏ်ခံနိုင်ရည်ရှိစေရန် မျိုးအဆင့်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်ခဲ့ရာ ရေတိုးစပါး သက်တမ်း ၁၂၀ ရက်အဖြစ် ရရှိခဲ့ခြင်းဖြစ်၍ မျိုးစေ့မှတ်ပုံတင်ခြင်းလုပ်ငန်းများ လုပ်ဆောင်နေပြီ ဖြစ်သည်။

လက်ရှိ ကမ္ဘာတစ်ဝန်းတွင် ဖြစ်ပေါ်နေသည့် အယ်လ်နီညိုရာသီဥတုပြောင်းလဲမှု ဖြစ်စဉ်သည် ရေလိုအပ်ချက်များစွာရှိသော စပါးသီးနှံအတွက် အခက်အခဲများ ရှိလာနိုင်သောကြောင့် ရေလိုအပ်ချက် နည်းပြီး သက်လျင်သည့် ရေတိုးစပါးကဲ့သို့ မျိုးကောင်းမျိုးသန့်များ ထုတ်လုပ်ပြီး တောင်သူများ စိုက်ပျိုးနိုင်ရန် ဆောင်ရွက်ခြင်းဖြစ်သည်။

စိုက်ပျိုးရေးဦးစီးဌာန၊ အပင်ဇီဝနည်းပညာ ဗဟိုဌာနက ထုတ်လုပ်လိုက်သော ရေတိုးစပါးမျိုးသစ်သည် သက်တမ်းရှည် ဧရာမင်းစပါးမျိုးကို သက်တမ်းတိုပြီး အပင်ယိုင်လဲမှု မရှိစေရန် အဆင့်မြှင့်တင် မျိုးကူးစပ်ခြင်းဖြင့် ရရှိလာခြင်းဖြစ်ရာ ယင်းရလဒ်သည် တောင်သူလယ်သမားများ အတွက်သာမက နိုင်ငံတော်နှင့် စိုက်ပျိုးရေးဦးစီးဌာနအတွက်ပါ အကျိုးရှိစေမည် ဖြစ်သည်။

“ကျွန်တော်တို့ဌာနက ထုတ်လုပ်လိုက်တဲ့ ရေတိုးစပါးမျိုးသစ်ကို တောင်သူတွေနဲ့ တိုးချဲ့ပညာပေးဝန်ထမ်းတွေ ကိုယ်တိုင်လေ့လာကြည့်ရှုနိုင်အောင် ကွင်းပြပွဲနဲ့ စပါးမျိုးသစ် မိတ်ဆက်ပွဲကို အောက်တိုဘာ ၂၁ ရက်က ပြုလုပ်ပေးခဲ့ပါတယ်။ အခုရေတိုးမျိုးကို မြန်မာနိုင်ငံမှာ တရားဝင်ထုတ်လုပ် စိုက်ပျိုးနိုင်ရေးအတွက် မျိုးစေ့ဆိုင်ရာကော်မတီကို မျိုးသစ်အဖြစ် မှတ်ပုံတင်နိုင်ရေး ဆောင်ရွက်နေပါတယ်”ဟု အပင်ဇီဝနည်းပညာ ဗဟိုဌာနက တာဝန်ခံ ဒေါက်တာ အေးမင်းက ပြောသည်။

ထိုသို့ မျိုးစေ့မှတ်ပုံတင်နိုင်ရေးနှင့် မျိုးစေ့အလုံအလောက်ရရှိနိုင်ရေးအတွက်လည်း မျိုးပွားကာ အကျိုးဆောင် တောင်သူများမှတစ်ဆင့် တောင်သူအားလုံးကို ဖြန့်ဖြူးပေးနိုင်ရေးအတွက် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ရေတိုးစပါးမျိုးသစ်၏ အရည်အချင်း လက္ခဏာရပ်များမှာ**

မျိုးအမည် - ရေတိုး
မိဘလိုင်းအမည် - ဧရာမင်း၊ ရတနာတိုး
အသက်ရက် - ၁၂၀ -၁၂၅
အပင်အမြင့် (စင်တီမီတာ) - ၁၀၀
အနံ့ပါပင်ပွား - ၁၁-၁၄
အနံ့အရှည်(စင်တီမီတာ) - ၂၁-၃၀
တစ်နံ့ပါသီးလုံး - ၁၃၀ ဒသမ ၆
အောင်စေ့ရာခိုင်နှုန်း - ၉၀ ဒသမ ၅၀
အစေ့ ၁၀၀ အလေးချိန်(ဂရမ်) - ၂၆
အမိုင်းလို့(စ်) ပါဝင်မှု ရာခိုင်နှုန်း - ၂၆ ဒသမ ၇
ဆန်ရည်ဆန်သား - ကြည်လင်
စပါးလုံးအုပ်စု - ဧည့်မထ
Gelatinization Temperature - Intermediate high (ထမင်းချက်ရန် လိုအပ်သည့် အပူချိန်) (အသင့်အတင့်ကျိုချက်ခံနိုင်)
Gel Consistency (ကစီဓာတ်၏ စေးကပ်မှု) - စေးကပ်မှုမရှိ
စားသုံးမှုအဆင့်အတန်း - ကောင်း (သင့်တင့်နူးညံ့)
အထွက်နှုန်း (တင်း/ဧက) - ၈၀/၁၀၀ ဖြစ်ကြောင်း သိရသည်။

အပင်ဇီဝနည်းပညာ ဗဟိုဌာနအနေဖြင့် ဘက်တီးရီးယားရွက်ခြောက်ရောဂါခံနိုင်သည့် စပါး



မနော်သုခ ၂၊ ရာသီမရွေး စိုက်ပျိုးနိုင်သော သက်တမ်းတိုစပါး ရွှေနံ့သာပေါ်ဆန်း ၁၊ ရွှေနံ့သာပေါ်ဆန်း ၂၊ သက်တမ်းတိုအထွက်ကောင်း စပါး ရွှေဝတ်မှုန်၊ အရည်အသွေးကောင်း ရနံ့မွှေးစပါးနံ့သာခင် စသော စပါးငါးမျိုး



# ...မ်းတိုစပါး



...ကို အောင်မြင်စွာ ထုတ်လုပ် မှတ်ပုံတင်နိုင်ခဲ့ပြီး ဖြစ်သည်။

ထို့ပြင် ဌာနရှိ စိုက်ပျိုးရေး ပညာရှင်များအနေဖြင့် ဇီဝနည်းပညာကို အသုံးပြုကာ ခေတ်ကာလ



နှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့် ထုတ်လုပ်ရေးနှင့် မူလမြန်မာမျိုးရင်းများကို အဆင့်မြှင့်တင်ရေးလုပ်ငန်းကိုလည်း ဆောင်ရွက်လျက် ရှိကြောင်း သိရသည်။ ■







# ပင်လုံတွင် ယာသီးနှံ သီးထပ် နေကြာ၊ ပိုက်ဆံလျှော်နှင့် ပဲပုပ် စိုက်ပျိုးမှု ကွင်းသရုပ်ပြ

**လွိုင်လင် အောက်တိုဘာ ၁၈**

ရှမ်းပြည်နယ်တောင်ပိုင်း လွိုင်လင်ခရိုင် ပင်လုံမြို့ရှိ စိုက်ပျိုးရေးဦးစီးဌာန ခြံဝန်းအတွင်း ယာသီးနှံ သီးထပ်နေကြာ၊ ပိုက်ဆံလျှော်နှင့် ပဲပုပ်သီးနှံ စိုက်ပျိုးထားရှိမှု ကွင်းသရုပ်ပြပွဲကို ယနေ့ကျင်းပသည်။

အဆိုပါ ကွင်းသရုပ်ပြပွဲသို့ လွိုင်လင်ခရိုင် ခရိုင်ဦးစီးမှူး ဦးမျိုးမင်းသန်း၊ ခရိုင်မြေ၊ မျိုး၊ ပိုးတာဝန်ခံများ၊ ပင်လုံမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ရှစ်အုပ်စုက ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် တောင်သူ ၁၂၃ ဦး တက်ရောက်ကြပြီး၊ ပင်လုံမြို့နယ် စိုက်ပျိုးရေး ဦးစီးဌာန ဦးစီးမှူး ဦးကျော်စိုးက ယာသီးနှံ သီးထပ် စိုက်ပျိုးထားသော နေကြာ၊ ပဲပုပ်သီးနှံ၊ အစေ့ထုတ်ပြောင်းနှင့် ပိုက်ဆံလျှော်များ စိုက်ပျိုးရာတွင်





လက်ရှိ ဖြစ်ပေါ်နေသော အယ်လ်နီညို ရာသီဥတုဖြစ်စဉ်ကြောင့် တောင်သူများ ထိခိုက်ဆုံးရှုံးမှု မရှိစေဘဲ ပိုမိုစိုက်ပျိုးထုတ်လုပ်ကာ ဝင်ငွေတိုးတက်စေရေး၊ ဒေသဝမ်းစာဆီ ဖူလုံရေးအတွက် ရာသီဥတုနှင့်ကိုက်ညီသော စိုက်ပျိုးမှု နည်းစနစ်များ၊ မျိုးကောင်းမျိုးသန့်များ ရွေးချယ်အသုံးပြုမှုများနှင့် တက်ရောက်လာသော တောင်သူများ၏ မေးမြန်းမှုများကို ပြန်လည်ဖြေကြား ရှင်းလင်းပေးသည်။

**ကျော်လင်း**

# ကြိုတင်ကာကွယ်ရမည့် နှမ်းဖိုရောဂါ

**အောမှန်(PKU)**

**နှမ်းဖို** ရောဂါကို ၁၉၀၈ ခုနှစ်က ပါကစ္စတန်နိုင်ငံတွင် စတင်တွေ့ရှိခဲ့ပြီး ၁၉၂၄ ခုနှစ်တွင် မြန်မာနိုင်ငံ၌ တွေ့ရှိခဲ့သည်။ ၄င်းနှစ်မှစတင်၍ အပင်အနည်းငယ်တွင် နှမ်းဖိုရောဂါ အစပြုနေခဲ့သောကြောင့် ယခုလက်ရှိ နှမ်းစိုက်သည့် မည်သည့်နေရာမဆို နှမ်းဖိုရောဂါများကို တွေ့နေရခြင်းဖြစ်သည်။



ရောဂါဖြစ်စေသော သက်ရှိဖိုင်တိုပလက်စမာ(Phytoplasma) ကပ်ပါးပြုနေသောအပင်ကို ဖြုတ်ပိုးသည် သစ်ရည်စုပ်ယူစားသုံးရာမှတစ်ဆင့် ရောဂါဖြစ်စေသော သက်ရှိသည် ဖြုတ်ပိုးနှင့်အတူ ပါလာသည်။ ဖြုတ်ပိုးများ နှမ်းပင်ပေါ်သို့ ကျရောက်ပြီး ဖြုတ်ပိုး သစ်ရည်စုပ်ယူမှုကြောင့် နှမ်းဖိုရောဂါဖြစ်စေသောသက်ရှိသည် အပင်တွင်းသို့ ရောက်ရှိသွားရာမှ ရောဂါကူးစက်ပြန့်ပွားသည်။

နှမ်းသီးနှံတွင် နှမ်းဖိုရောဂါကျလျှင် နှမ်းပင်သည် အရွက်များ သေးငယ်ခြင်း၊ ဆစ်ကြားတိုခြင်း၊ မြုံခြင်း၊ ကြားဖူးများမှ မူမမှန်ကိုင်းများ ထွက်ခြင်း၊ အပွင့်အင်္ဂါ အစိတ်အပိုင်းများ အစိမ်းရောင်ဖြစ်ခြင်းတို့ တွေ့မြင်နိုင်သည်။

နှမ်းပင်ပန်းပွင့်ချိန်တွင် ရောဂါကျလျှင် ပန်းပွင့်များသည် မူမမှန်ဘဲ အရွက်ပုံစံအဖြစ်ပြောင်းလဲ သွားပြီး အပွင့်မအောင်၊ အသီးမရတော့ဘဲ နှမ်းပင်ဖိုသွား၍ နှမ်းဖိုရောဂါဟု ခေါ်ဝေါ်ကြခြင်းဖြစ်သည်။

အချို့နှမ်းပင်များ၏ ထိပ်ဖျားပိုင်းတွင် ပုံမှန်ပန်းပွင့် အရောင်မှာ အဖြူရောင်ဖြစ်ပါလျက် အစိမ်းရောင်ပန်းပွင့်များ အဆုပ်လိုက်ပွင့်နေလျှင် ၄င်းနှမ်းပင်သည် နှမ်းဖိုရောဂါကျနေခြင်းဖြစ်သည်။ ထိုပုံသဏ္ဌာန်မမှန်သော နှမ်းဖိုပင်သည်



အသီးမသီးပါ။ သီးခဲ့သော်လည်း အစေ့များ မအောင်ပါ။ အပင်ငယ်စဉ်မှစ၍ ရောဂါကျလျှင် အပင်မြုံသွားသဖြင့် အထွက်နှုန်းပိုမိုကျဆင်းစေပြီး ပန်းပွင့်ချိန်နောက်ပိုင်းတွင်မှ ရောဂါကျလျှင် ရောဂါကျပန်းပွင့်များမှာ အစေ့အဆန်မအောင်နိုင်ပေ။

နှမ်းဖိုရောဂါ တားဆီးကာကွယ်ရန်မှာ နှမ်းပင် ငယ်စဉ်တွင် ပင်လုံးပြန့် ပိုးသတ်ဆေး တစ်မျိုးမျိုး ဖျန်းပေးသင့်သည်။ စိုက်ပြီး ၁၀ ရက်သားမှစ၍ ဖြုတ်ကာကွယ်ဆေး ၁၀ ရက်ခြား တစ်ခါ ပိုးကျရောက်မှု အခြေအနေကြည့်၍ ဆေးဖျန်းပေးရမည်။ နှမ်းဖိုရောဂါရနေသည့် အပင်များကို နှုတ်ယူဖယ်ရှားရမည်။ ရောဂါဖြစ်စေသောသက်ရှိသည် ပေါင်းပင်များတွင် ရှိမနေစေရန် ပေါင်းရှင်းပေးရမည်။ နှမ်းသီးနှံ ဆက်တိုက်မစိုက်ဘဲ အခြားသီးနှံဖြင့် သီးလှည့်စိုက်ပျိုးပေးရမည်။

ယခုအချိန်တွင် တောင်သူများအနေဖြင့် ဆောင်းနှမ်းများ စိုက်ပျိုးထားကြသဖြင့် အထွက်နှုန်းကျဆင်းစေသော နှမ်းဖိုရောဂါကို ကြိုတင်ကာကွယ် နှိမ်နင်းနိုင်စေရန် စိုက်ပျိုးရေးဦးစီးဌာန၊ ပခုက္ကူခရိုင်အတွင်းရှိ စိုက်ပျိုးပညာပေးရေး ဝန်ထမ်းများက ကွင်းဆင်းပညာပေးခြင်းနှင့် Viber မှတစ်ဆင့် နည်းပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။ ■

# ဆေးဖက်ဝင် ပျဉ်းတော်သိမ်ပင်

ကြေးမုံပယ်



**ပျဉ်းတော်သိမ်ပင်ကို ဆီသတ်ရွက်ဟုလည်း ခေါ်ဆိုကြပြီး အင်္ဂလိပ်အမည်မှာ Curry tree, sweet neem နှင့် Kadhi Patta ဟု ခေါ်ဆိုပြီး ရုက္ခဗေဒအမည်မှာ Murraya koenigii ဟုခေါ်ဆိုကာ ရှောက်၊ သံပရာတို့နှင့် မျိုးရင်းတူသည့် Rutaceae တွင် ပါဝင်၏။ ပျဉ်းတော်သိမ်ပင်သည် အပူပိုင်းဒေသနှင့် သမစွေးပိုင်းရာသီဥတုရှိသည့်ဒေသများတွင် ပေါက်ရောက်သည့် ဟင်းခတ်အမွှေးအကြိုင်အရွက်အဖြစ် အဓိကထား အသုံးပြုသည့် သဘာဝပေါက်ပင်တစ်မျိုးဖြစ်၏။**

ပျဉ်းတော်သိမ်ပင်သည် အိန္ဒိယတောင်ပိုင်းနှင့် အနောက်ပိုင်းဒေသတို့တွင် သဘာဝအလျောက် ကျယ်ကျယ်ပြန့်ပြန့် ပေါက်ရောက်သည့် အပင်မျိုးဖြစ်၏။ အိန္ဒိယနိုင်ငံမှ ရွှေ့ပြောင်းလုပ်သားများ၏ သယ်ဆောင်လာမှုကြောင့် ပျဉ်းတော်သိမ်ပင်မှာ အာရှနိုင်ငံများ၏ အိမ်ခြံဝင်းများတွင် မရှိမဖြစ်စိုက်ပျိုးလာသည့် အပင်မျိုးဖြစ်လာခဲ့၏။ ယနေ့ခေတ်တွင် လတ်ဆတ်သော ပျဉ်းတော်သိမ်ရွက်များကို သီရိလင်္ကာ၊ အိန္ဒိယ၊ ပါကစ္စတန်၊ ဘင်္ဂလားဒေ့ရှ်၊ မြန်မာ၊ ဖီဂျီ၊ မလေးရှား၊ အာဖရိကတောင်ပိုင်း၊ ဥရောပနှင့် အမေရိကန်ပြည်ထောင်စုတို့တွင်ပါ ဈေးများ၊ စူပါမားကက်များတွင် အလွယ်တကူဝယ်ယူနိုင်သည်အထိ ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးလာပြီ ဖြစ်၏။

ပျဉ်းတော်သိမ်ရွက်သည် သင်းပျံ့သောမွှေးရနံ့ရှိပြီး ပရဆေးအဖြစ်အသုံးပြုကြသည့် အပင်မျိုးဖြစ်၏။ အရွက်မှာ မျက်ရည်စက်ပုံသဏ္ဌာန် တောက်ပသည့် အစိမ်းရောင်ရှိပြီး တစ်လက်မမှသည် တစ်လက်မခွဲခန့်အရှည်ရှိ၏။ တမာရွက်နှင့် ခပ်ဆင်ဆင်တူသည့်အတွက်လည်း sweet neem leave ဟုလည်း ခေါ်ဆိုကြ၏။ ပျဉ်းတော်သိမ်ရွက်သည် သံပရာရနံ့နှင့် ခပ်ဆင်ဆင်တူသော မွှေးပျံ့စူးရှသော မွှေးရနံ့ ရှိ၏။

အိန္ဒိယနိုင်ငံတွင် ရိုးရာအာယုဗေဒဆေးပညာရပ်အရ ပျဉ်းတော်သိမ်ရွက်ကို ကိုယ်တွင်းရောင်ရမ်းနာကျင်ခြင်းကို သက်သာစေနိုင်ခြင်းနှင့် အဏုဇီဝပိုးမွှားများကို တိုက်ဖျက်နိုင်ခြင်း ဂုဏ်သတ္တိရှိခြင်းတို့ကြောင့် ဆေးဖက်ဝင် ပရဆေးပင်အဖြစ် လွန်ခဲ့သော ရှေးနှစ်ပေါင်းများစွာကတည်းက အသုံးပြုခဲ့ကြ၏။ ပျဉ်းတော်သိမ်ရွက်ကိုပြုတ်ပြီး အားတိုးဆေးအဖြစ် အသုံးပြုခြင်း၊ အရွက်ကိုကြိတ်ပြီး အစာခြေစနစ် အားကောင်းစေရန် အသုံးပြုခြင်း၊ ဆံကေသာနှင့် အသားအရေ ကျန်းမာရေးတို့အတွက် အသုံးပြုခဲ့ကြ၏။

လတ်ဆတ်သော ပျဉ်းတော်သိမ်ရွက် ၁၀၀ ဂရမ်တွင် အစာစွမ်းအင် ၁၀၈ ကယ်လိုရီပါဝင်ပြီး ကာဘိုဟိုက်ဒရိတ်၊ ကျန်းမာရေး အထောက်အကူပြု သတ္တုဓာတ်များဖြစ်သည့် ကယ်လ်စီယမ်၊ ဖော့စ်ဖရပ်စ်၊ ဇင့်ခ်၊ အိုင်းယွန်း၊ ပိုတက်စီယမ်၊ မဂ္ဂနီစီယမ်တို့ ကြွယ်ဝစွာပါဝင်၏။ ပျဉ်းတော်သိမ်ရွက်တွင် အလွန်ထူးခြားသည့် မွှေးရနံ့တစ်မျိုးပါဝင်၏။ ဗီတာမင်မျိုးစုံဖြစ်သည့် ဘီဝမ်း၊ ဘီတူး၊ ဘီသရီး၊ ဘီနိုင်း၊ ဗီတာမင်စီ၊ ဗီတာမင်အီးတို့လည်း ကြွယ်ဝစွာပါဝင်၏။ ဗီတာမင်စီ၊ ကလိုရိုဖီးလ်၊ ဇင့်ခ်၊ ဗီတာမင်အီးနှင့် ကယ်ရိုတင်းတို့က ဓာတ်တိုးဆန့်ကျင်ပစ္စည်းများအဖြစ် လုပ်ငန်းတာဝန်ထမ်းဆောင်ပေး၏။ အဆီဓာတ်ပါဝင်မှုမှာမူ အလွန်နည်းပါးပြီး သုညဒသမ ၁ ဂရမ်သာ ပါဝင်၏။ အမျှင်ဓာတ်ကြွယ်ဝစွာ ပါဝင်ခြင်းကြောင့် အူလမ်းကြောင်းကျန်းမာရေးနှင့် အူမကြီးလှုပ်ရှားမှု ပုံမှန်ဖြစ်စေရန် အထောက်အကူပေး၏။ ပျဉ်းတော်သိမ်တွင် ပေါကြွယ်ဝစွာ ပါဝင်သည့် ပရိုတင်းဓာတ်သည် ခန္ဓာကိုယ်၏ ပင်မထောက်တိုင်အဖြစ် အရေးပါ၏။ ကယ်လ်စီယမ်ဓာတ်ကြွယ်ဝစွာပါဝင်သည့်အတွက် အရိုးနှင့်သွားများကို ကြံ့ခိုင်သန်စွမ်းစေ၏။ ဖော့စ်ဖရပ်ဓာတ်သည် ကျောက်ကပ်ကို သန့်စင်စေပြီး ကြွက်တက်ခြင်းမှ ကင်းဝေးစေ၏။ ပျဉ်းတော်သိမ်တွင်ပါဝင်သည့် ရနံ့မွှေးဆီသည် ဆီးချိုရောဂါကို ဆန့်ကျင်နိုင်စွမ်း၊ ကိုယ်လက်ရောင်ရမ်းနာကျင်ခြင်းကို ဟန့်တားနိုင်ခြင်း၊ ဘက်တီးရီးယားပိုးများကို နှိမ်နင်းနိုင်ခြင်း အစရှိသည့် အကျိုးကျေးဇူးကောင်းများရှိသည့်အပြင် ဆံကေသာ၊ အရေပြားနှင့် သွားဖုံးကျန်းမာရေးကိုလည်း ထိန်းပေးနိုင်စွမ်းရှိ၏။

ပျဉ်းတော်သိမ်ရွက်ကို စားသုံးခြင်းဖြင့် အောက်ပါ ကျန်းမာရေးအကျိုးကျေးဇူးကောင်းများကို ရရှိနိုင်မည် ဖြစ်၏။



- ပျဉ်းတော်သိမ်ရွက်ကို စားသုံးပေးခြင်းဖြင့် သွေးအတွင်းရှိ မကောင်းသော ကိုလက်စထရောများကို လျော့ကျစေပြီး နှလုံးရောဂါဖြစ်နိုင်ခြေကိုပါ လျော့ကျစေ၏။

- ဓာတ်တိုးဆန့်ကျင်ပစ္စည်း ကြွယ်ဝစွာပါဝင်သည့် ပျဉ်းတော်သိမ်ရွက်သည် ခန္ဓာကိုယ်ကို ဆိုးကျိုးဖြစ်စေသည့် အဆိပ်အတောက်များကို ဖယ်ရှားပေးပြီး ခန္ဓာကိုယ်ကို ကျန်းမာကြံ့ခိုင်စေ၏။

- ပျဉ်းတော်သိမ်ရွက်သည် ခံတွင်းထဲတွင် ဘက်တီးရီးယားများပေါက်ပွားမှုကို တားဆီးပေးနိုင်ခြင်း၊ သွားများကို ကြံ့ခိုင်ကျန်းမာစေသည့်အတွက် ပျဉ်းတော်သိမ်ရွက် နှစ်ရွက်မှ သုံးရွက်ခန့်ကို နေ့စဉ်ဝါးစားပေးသင့်၏။

- ပျဉ်းတော်သိမ်ရွက်တွင် ဗီတာမင်အေ ကြွယ်ဝစွာ ပါဝင်ခြင်းကြောင့် မျက်လုံး၏အမြင်အာရုံကို သန်စွမ်းကောင်းမွန်စေ၏။

- ပျဉ်းတော်သိမ်ရွက်ကို ကြိတ်ခြေပြီး ရရှိလာသည့် အနှစ်ကို ထိခိုက်ဒဏ်ရာများ၊ ယားနာများ၊ အသေးစား အပူလောင်နာများအတွက် အသုံးပြုနိုင်၏။ ပြင်ပမှ ကူးစက်ရောဂါပိုးများ ဝင်ရောက်ခြင်းမရှိစေရန်လည်း ကာကွယ်ပေးနိုင်၏။

- သံဓာတ်နှင့်ဖောလစ်အက်စစ်ဓာတ် ကြွယ်ဝစွာ ပါဝင်သည့် ပျဉ်းတော်သိမ်ရွက်သည် သွေးအတွင်းတွင် သွေးနီဥအရေအတွက် ပုံမှန်ရှိစေရန် ထိန်းထားပေးနိုင်၏။

- ပျဉ်းတော်သိမ်ရွက်သည် ကိုယ်တွင်းအဆိပ်အတောက် ပြေစေနိုင်စွမ်းရှိသည့်ပစ္စည်း ပါဝင်ခြင်းကြောင့် ခန္ဓာကိုယ်ကို သန့်စင်စေသည့်အပြင် ကိုယ်တွင်းအဆီများ စုပုံနေခြင်းမှ ကာကွယ်ပေးနိုင်၏။

- ပျဉ်းတော်သိမ်ရွက်တွင်ပါဝင်သည့် ကော့ပါး၊ အိုင်းယွန်း၊ ဇင့်ခ်နှင့် သတ္တုဓာတ်များကြောင့် သွေးအတွင်းရှိ ဂလူးကို့စ်ပမာဏကို ထိန်းထားပေးနိုင်ပြီး ဆီးချိုရောဂါ မဖြစ်ပွားစေရန် ထိန်းပေးထားနိုင်၏။

- ဓာတ်တိုးဆန့်ကျင်သည့် ဂုဏ်သတ္တိရှိပြီး ဗီတာမင်အေ၊ စီတို့ ကြွယ်ဝစွာပါဝင်သည့် ပျဉ်းတော်သိမ်ရွက်သည် အသည်းကျန်းမာရေးကို ကောင်းမွန်စွာ ပံ့ပိုးပေးနိုင်စွမ်းရှိ၏။

- ပျဉ်းတော်သိမ်ရွက်ကို စားသုံးပေးခြင်းဖြင့် ကိုယ်ဝန်ဆောင်မိခင်များ လနုစဉ်အချိန် နံနက်ခင်းတိုင်းတွင် ခံစားရတတ်သည့် ပျို့အန်ခြင်းများကို လျော့နည်းစေရန် အထောက်အကူပြုပေးနိုင်၏။

- စိတ်အေးချမ်းမှုကို ပေးစွမ်းနိုင်သည့် ပျဉ်းတော်

စာ - ၁၈ သို့

# ကမ္ဘာ့ဈေးကွက်ဝေစုများများရရှိရေး သီရိလင်္ကာ လက်ဖက်စိုက်ပျိုးထားရှိမှု တိုးမြှင့်

သီရိလင်္ကာနိုင်ငံ၏ ပြည်ပဝင်ငွေရ စိုက်ပျိုးရေးထွက်ကုန်များအနက် လက်ဖက်ခြောက် ထုတ်လုပ်မှုကို ၂၀၂၃ ခုနှစ်တွင် မက်ထရစ်တန်ချိန် ၂၇၀၀၀၀ သို့ရောက်ရှိရန် မျှော်မှန်းထားကြောင်း သိရသည်။

သီရိလင်္ကာနိုင်ငံသည် ပြီးခဲ့သည့် ၂၀၂၂ ခုနှစ်က လက်ဖက်ခြောက် ထုတ်လုပ်နိုင်မှုမှာ မက်ထရစ်တန် ၂၅၁၅၀၀ ရှိခဲ့ရာ ယခုနှစ်၌ တန်ချိန် ၂၀၀၀၀ ခန့် တိုးမြင့်ထုတ်လုပ်ရန် ရည်မှန်းထားခြင်းဖြစ်သည်။ လက်ဖက်စိုက်ပျိုးထွက်ရှိမှု အခြေအနေမှာလည်း ယခုနှစ်ကုန်တွင် မျှော်မှန်းထားသည့် တန်ချိန်အတိုင်း ထွက်ရှိရန် အလားအလာကောင်းများရှိနေပြီ ဖြစ်သည်။

ယခုနှစ် စက်တင်ဘာက သီရိလင်္ကာနိုင်ငံ၏ လက်ဖက်ခြောက်နှင့် လက်ဖက်ကုန်ချောပစ္စည်းများ ပြည်ပတင်ပို့မှုမှာ ကီလိုဂရမ် ၂၃ ဒသမ ၁၆ သန်း ရှိခဲ့ရာ ၂၀၂၂ ခုနှစ် စက်တင်ဘာက လက်ဖက်ခြောက်နှင့် ကုန်ချောပြည်ပတင်ပို့မှု ကီလိုဂရမ် ၂၁ ဒသမ ၅၄ သန်းထက် ပိုမိုခဲ့သည်။

သီရိလင်္ကာနိုင်ငံတွင် လက်ဖက်စိုက်ပျိုးမှု အဓိကဒေသများမှာ နိုင်ငံအလယ်ပိုင်း ကုန်းမြင့်ဒေသများနှင့် တောင်ပိုင်းကုန်းမြင့်ဒေသများဖြစ်ကြသည်။ ပြီးခဲ့သည့် ၂၀၂၁ ခုနှစ်က လက်ဖက် စိုက်ပျိုးထုတ်လုပ်နိုင်မှုမှာ တစ်နှစ်လုံးအနေဖြင့် မက်ထရစ်တန် ၂၈၅၈၇၇ အထိ ရှိခဲ့သော်လည်း ၂၀၂၂ ခုနှစ်က အနည်းငယ်ကျဆင်းခဲ့ခြင်းဖြစ်သည်။ ယင်းမှာ ရာသီဥတုပြောင်းလဲမှုနှင့် ပိုးမွှားအန္တရာယ်တို့ကြောင့် ဖြစ်ကြောင်း သိရသည်။

ယခုနှစ်တွင် ရာသီဥတုကောင်းမွန်မှုနှင့် ပိုးမွှားအန္တရာယ်ကို စနစ်တကျကာကွယ်နိုင်မှုတို့ကြောင့် ၂၀၂၂ ခုနှစ်ကထက် အထွက်နှုန်း တိုးတက်လာမည့် အလားအလာများ ရှိနေသည်။ ထို့ပြင် သီရိလင်္ကာနိုင်ငံ အလယ်ပိုင်းကုန်းမြင့်ဒေသများ၌ လက်ဖက်စိုက်ဧရိယာကို အစိုးရက တိုးချဲ့ခွင့်ပြုခဲ့သဖြင့် အထွက်နှုန်း တိုးလာမည့်အနေအထားဖြစ်သည်။

သီရိလင်္ကာနိုင်ငံတွင် စိုက်ဧရိယာပေါင်း ဟက်တာ ၂၂၂၀၀၀ ကျော် ရှိနေသည်။ နိုင်ငံတောင်ပိုင်းတွင် မူကီရီဂါလာ၊ မာတာရာနှင့် ဂယ်လီဒေသများ၊ အလယ်ပိုင်း၌ နုဝါရာအီလီယာနှင့် ကင်ဒီဒေသများတွင် အများဆုံး စိုက်ပျိုးကြသည်။ တောင်ကုန်း၊ တောင်တန်း၊ ကုန်းမြင့်ဒေသများတွင် စိုက်ပျိုးကြ၍ သီရိလင်္ကာနိုင်ငံမှ ထွက်ရှိသော လက်ဖက်ခြောက်မှာ ကမ္ဘာပေါ်၌ အကောင်းဆုံးအရည်အသွေးတွင် ပါဝင်သည်။

သီရိလင်္ကာနိုင်ငံ လက်ဖက်လုပ်ငန်းတွင် အလုပ်သမားပေါင်း သုံးသိန်းကျော်ရှိနေရာ အလုပ်အကိုင်အခွင့်အလမ်းများစွာ ပေးနိုင်သည့် စိုက်ပျိုးရေးလုပ်ငန်းတစ်ခုလည်းဖြစ်သည်။ လက်ဖက်ခြောက်နှင့် ကုန်ချောပစ္စည်းများ တင်ပို့ရောင်းချမှုကြောင့် နှစ်စဉ် ကန်ဒေါ်လာ ၁ ဒသမ ၃ ဘီလီယံခန့် ရရှိနေပြီး သီရိလင်္ကာ ဂျီဒီပီ၏ ၂ ရာခိုင်နှုန်းကို ဖြည့်ဆည်းပေးနေသည်။

သီရိလင်္ကာနိုင်ငံသည် ၂၀၂၀ ပြည့်နှစ်က လက်ဖက်ခြောက်ထုတ်လုပ်မှုတွင် ကမ္ဘာ့အဆင့် စတုတ္ထနေရာ၌ ရပ်တည်နိုင်ခဲ့သည်။ ထို့ပြင် လက်ဖက်ခြောက် ပြည်ပတင်ပို့မှုတွင်လည်း ကမ္ဘာ့ထိပ်တန်းနိုင်ငံများ စာရင်း၌ ပါဝင်သည်။ ကမ္ဘာ့လက်ဖက်ခြောက်ဈေးကွက်သည် ၂၀၂၃ ခုနှစ်ကုန်တွင် ကန်ဒေါ်လာ ၅၂ ဒသမ ၈၃ ဘီလီယံအထိ အရောင်းအဝယ်ရှိလာမည်ဖြစ်ပြီး ၂၀၃၂ ခုနှစ်တွင် ကန်ဒေါ်လာ ၉၀ ဒသမ ၇၈ ဘီလီယံအထိ ရောက်ရှိ လာမည်ဟု သုတေသနပညာရှင်များက သုံးသပ်ထားသည်။ ထို့ကြောင့် ဈေးကွက်ဝေစုများများရရှိရေးအတွက် သီရိလင်္ကာနိုင်ငံတွင် လက်ဖက်ခြောက်ထုတ်လုပ်မှု နှစ်စဉ်တိုးမြှင့်ရေး ကြိုးပမ်းဆောင်ရွက်နေကြောင်း သိရသည်။

**SLN**

မိုးမြင့်လွင်းသက် စုစည်းတင်ပြသည်။



# ၂၀၃၀ ပြည့်နှစ်တွင် ပြည်ပမှ စင်ကာပူစိုက်ပျိုးရေးထွက်ကုန် တင်သွင်းမှု ၃၀ ရာခိုင်နှုန်း လျှော့ချမည်

စင်ကာပူနိုင်ငံသည် လာမည့် ၂၀၃၀ ပြည့်နှစ်အရောက်တွင် ပြည်ပမှ တင်သွင်းနေသော ဟင်းသီးဟင်းရွက်နှင့် စိုက်ပျိုးရေးထွက်ကုန်များ၏ ၃၀ ရာခိုင်နှုန်းကို ပြည်တွင်း၌ စိုက်ပျိုးထွက်ရှိနိုင်ရေး ကြိုးပမ်းနေပြီဖြစ်ကြောင်း စင်ကာပူနိုင်ငံ စိုက်ပျိုးရေးသုတေသနပညာရှင်များက ပြောကြားသည်။ ထိုသို့ ရည်မှန်းချက်ဖော်ဆောင်နိုင်ရေးအတွက် နည်းပညာနှင့် သုတေသနပေါင်းစပ် ဆောင်ရွက်သွားမည်ဖြစ်သည်။

စင်ကာပူနိုင်ငံတွင် စိုက်ပျိုးမြေဧရိယာမှာ နိုင်ငံဧရိယာ၏ ၁ ရာခိုင်နှုန်းခန့်သာရှိနေသည်။ စိုက်ပျိုးမြေဧရိယာ ရှားပါးမှုကြောင့် မြေဧရိယာအကျယ်အဝန်း အနည်းငယ်အတွင်း စိုက်ပျိုးဖြစ်ထွန်းနိုင်သည့် မျိုးစေ့များနှင့် စိုက်ပျိုးရေးနည်းပညာသစ်များကို ဖော်ထုတ်ရန် ကြိုးစားနေသည်။

စင်ကာပူနိုင်ငံတွင် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်နိုင်မှုမှာ တစ်နှစ်လျှင် တန်ချိန် ၂၂၄၅၈ တန်ခန့်သာ ရှိသည်။ သို့ရာတွင် စင်ကာပူနိုင်ငံ ပြည်သူများ၏ တစ်နှစ်လျှင် ဟင်းသီးဟင်းရွက် စားသုံးမှုမှာ တန်ချိန် ၅၂၄၄၆၂ တန်ခန့်ရှိနေရာ ပြည်ပမှ တင်သွင်းမှုကို အားထားနေရသည်။ ၂၀၂၁ ခုနှစ်က ပြည်ပမှ ဟင်းသီးဟင်းရွက် တင်သွင်းမှုမှာ စင်ကာပူဒေါ်လာ ၁၇ ဒသမ ၂ ဘီလီယံခန့်ရှိကြောင်း သိရသည်။

စင်ကာပူနိုင်ငံ၌ စိုက်ပျိုးမြေစုစုပေါင်းဟက်တာ ၁၃ ဒသမ ၉ ဟက်တာခန့်သာ ရှိပြီး အဓိကစိုက်ပျိုးရေး ထွက်ကုန်များမှာ ဒူးရင်း၊ ကြက်မောက်သီးနှင့် မင်းကွတ်သီး စသည်တို့ဖြစ်သည်။ အခြား စိုက်ပျိုးရေးထွက်ကုန်အမျိုးအစား များစွာကိုလည်း စမ်းသပ်စိုက်ပျိုးလျက်ရှိသည်။

လောလောဆယ်တွင် ဆင်ခြေဖုံး အရပ်များရှိ တစ်ပိုင်တစ်နိုင် စိုက်ပျိုးနေရာများ၊ ပန်းခြံငယ်၊ ဥယျာဉ်ငယ်များ၊ လမ်းအချိုးအကွေ့ရှိ မြေဧရိယာအပိုများ စသည်တို့တွင် ဖော်ဆောင်ထားသည်။ မိသားစုပိုင် ပန်းခြံငယ်များတွင်လည်း မျိုးစေ့၊ နည်းပညာ၊ စိုက်ပျိုးပြုစုမှု နည်းစနစ်၊ အရည်အသွေး စနစ်တကျ ထိန်းသိမ်းခြင်းများပါမကျန် သုတေသနပညာရှင်များက ကွင်းဆင်းဖော်ဆောင်နေသည်။

ထို့ပြင် အထပ်မြင့်တိုက်များ၏ ခေါင်မိုးပေါ်ရှိ ဧရိယာတွင်လည်း စိုက်ပျိုးခင်းငယ်များ ဖန်တီးပေးပြီး စိုက်ပျိုးရေးစနစ်များကို ခေတ်မီပညာရပ်များဖြင့် ပေါင်းစပ်ကာ ပြည်တွင်း၌ မိသားစုတစ်ပိုင်တစ်နိုင်မှသည် ဈေးကွက်၌ ရောင်းချနိုင်ရေးအထိ တာဝန်ရှိသူများက ဆောင်ရွက်နေကြသည်။ စင်ကာပူနိုင်ငံရှိ စိုက်ပျိုးရေးဆိုင်ရာ သုတေသနဌာန ပညာရှင်များကလည်း စိုက်ခင်းနေရာများအထိ အရောက်သွားကာ လိုအပ်သည်များကို ဖြည့်ဆည်းပေးလျက်ရှိသည်။

စာသင်ကျောင်း၊ ဟိုတယ်နှင့် စက်ရုံအလုပ်ရုံများရှိ နေရာလွတ်များစွာတွင် စိုက်ပျိုးခင်းများ ဖော်ဆောင်ထားရာ၊ စတင်စိုက်ပျိုးသည့်ရက်မှ သီတင်းသုံးပတ်အတွင်း ဆွတ်ခူးစားသုံးနိုင်သည့် သီးပင်၊ စားပင်များကို စိုက်ပျိုးထားသည်။ စတုရန်းမီတာ ၃၅၀၀ ကျယ်ဝန်းသော အထပ်မြင့် တိုက်ခေါင်မိုး စိုက်ခင်းတစ်ခုတွင် ဟင်းသီးဟင်းရွက်တန်ချိန်တစ်နှစ်လျှင် တန် ၂၀၀ ခန့် ထွက်ရှိနေပြီဖြစ်သည်။

ထိုသို့ မျိုးစေ့၊ နည်းပညာ၊ ထိန်းသိမ်းပြုစုစောင့်ရှောက်မှုတို့ ခေတ်မီနည်းပညာများကို အသုံးပြုထားပြီး စားသုံးသူ ဘေးအန္တရာယ်ကင်းစေရေးကိုလည်း အချိန်ပြည့် စစ်ဆေးနေကြောင်း သိရသည်။

အထူးသဖြင့် ဩဂဲနစ်သီးနှံများ စိုက်ပျိုးထွက်ရှိနိုင်ရေးကို ဦးစားပေးဖော်ဆောင်နေခြင်းဖြစ်ရာ လာမည့် ၂၀၃၀ ပြည့်နှစ်တွင်စိုက်ပျိုးထွက်ရှိသော ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံများသည် ပြည်ပက တင်သွင်းမှု၏ ၃၀ ရာခိုင်နှုန်းကို လျှော့ချနိုင်ရေး ကြိုးစားနေသည်။

**CNA**

# ရန်ကုန်ဈေးကွက်

၂၄.၁၀.၂၀၂၃

## ဆန်

စက်တင်ဘာ ပထမအပတ်တွင် ဆန်အသစ်အချို့ဈေးကွက်သို့ ကုန်အဝင်ရှိလာခြင်းနှင့် ဒေါ်လာငွေလဲနှုန်း ကျဆင်းတည်ငြိမ်လာခြင်းတို့ကြောင့် ဆန်ချော၊ ဆန်ကြမ်းဈေးနှုန်းများ အနည်းငယ် ကျရိပ်သိမ်းလာခဲ့သည်။ စက်တင်ဘာ ဒုတိယအပတ်တွင် မိုးရွာသွန်းမှုများနှင့် ရေကြီးရေလျှံမှုများကြောင့် ပဲခူးတိုင်းနှင့် ဧရာဝတီတိုင်းအတွင်းရှိ စပါးစိုက်ခင်းများ မရိတ်သိမ်းနိုင်ဘဲ ပျက်စီးမှုများ ရှိခဲ့ခြင်း၊ အိန္ဒိယနိုင်ငံ၏ ဆန်တင်ပို့မှု ပိတ်သိမ်းခဲ့ခြင်းကြောင့် ဗီယက်နမ်၊ ထိုင်း၊ ပါကစ္စတန်နိုင်ငံများ၏ ဆန်ဈေးနှုန်းများ ဈေးမြင့်လာခြင်းနှင့် အာဆီယံနိုင်ငံများအတွင်း ဆန်လိုအပ်ချက်မြင့်မားနေသည်။




မြန်မာပြည်တွင်းရှိ ဆန်ချော၊ ဆန်ကြမ်းဈေးနှုန်းများမှာ ယခင်ရက်သတ္တပတ်၏ ဈေးနှုန်းများဖြင့်သာ ဈေးငြိမ် အရောင်းအဝယ်အေးခဲ့သည်။ ယခု စက်တင်ဘာ တတိယအပတ်တွင်မူ ဧည့်မထဆန်သစ်အချို့ ဈေးကွက်သို့ အဝင်ပိုလာခြင်းနှင့် ဆန်သစ်များဖြစ်၍ အစိုဓာတ်ရှိခြင်းတို့ကြောင့် ဧည့်မထဆန်သစ်မှာ အနည်းငယ်ဈေးနိမ့်လာခဲ့ပြီး၊ ဧည့်မထဆန်ဟောင်းမှာ ဆန်ဟောင်းလက်ကျန် အလွန်နည်းချိန်ဖြစ်ခြင်းကြောင့် အနည်းငယ်ဈေးမြင့်လာခဲ့သည်။ ကျန်ဆန်အမျိုးအစားများမှာ ယခင်အပတ်ဈေးနှုန်း များဖြင့်သာ ဈေးငြိမ်အရောင်းအဝယ် အေးခဲ့သည်။ စက်တင်ဘာ ၁၇ ရက်တွင် ဆန်စပါးကုန်စည်ဒိုင် (ဝါးတန်းလမ်း)မှ ထုတ်ပြန်ထားသော နေ့စဉ်ဆန်ဈေးနှုန်းများတွင် ရွှေဘိုပေါ်ဆန်း (အလတ်စ) တစ်တင်းခွဲတစ်အိတ်လျှင် ၁၂၃၀၀၀ ကျပ်နှုန်းနှင့် (အောက်စ) တစ်အိတ်လျှင် ၁၂၀၀၀၀ ကျပ်နှုန်းဖြင့်လည်းကောင်း၊ ဖျာပုံပေါ်ဆန်း (အလတ်စ) တစ်တင်းခွဲ တစ်အိတ်လျှင် ၉၅၀၀၀ ကျပ်နှုန်းနှင့် (အောက်စ) တစ်အိတ်လျှင် ၉၃၀၀၀ ကျပ်နှုန်းဖြင့်လည်းကောင်း၊ ပေါ်ကျွဲ (အလတ်စ) တစ်တင်းခွဲ တစ်အိတ်လျှင် ၈၆၀၀၀ ကျပ်နှုန်းနှင့် (အောက်စ)တစ်အိတ်လျှင် ၈၅၀၀၀ ကျပ်နှုန်းနှင့်လည်းကောင်း၊ ဧည့်မထ ဆန်ဟောင်း (အလတ်စ) တစ်တင်းခွဲ တစ်အိတ်လျှင် ၆၆၀၀၀ ကျပ်နှုန်းနှင့် (အောက်စ) တစ်အိတ်လျှင် ၆၅၀၀၀ ကျပ်နှုန်းဖြင့်လည်းကောင်း၊ ဧည့်မထဆန်သစ် (အလတ်စ) တစ်တင်းခွဲ တစ်အိတ်လျှင် ၅၉၀၀၀ ကျပ်နှုန်းနှင့် (အောက်စ) တစ်အိတ်လျှင် ၅၈၀၀၀ ကျပ်နှုန်းဖြင့်လည်းကောင်း၊ ငစိန်ဆန် (အလတ်စ) တစ်တင်းခွဲ တစ်အိတ်လျှင် ၆၅၀၀၀ ကျပ်နှုန်းနှင့် (အောက်စ) တစ်တင်းခွဲ တစ်အိတ်လျှင် ၆၄၀၀၀ ကျပ်နှုန်းဖြင့်လည်းကောင်း ရောင်းဝယ်လျက်ရှိကြောင်း သိရသည်။

ဧည့်မထဆန်ဟောင်းများမှာ ဆန်ဟောင်း လက်ကျန်အလွန်နည်းချိန်ဖြစ်ခြင်းကြောင့် ဆန်တစ်အိတ်လျှင် ယခင်အပတ်ထက် ၁၀၀၀ ကျပ်နှုန်း ဈေးမြင့်လာခဲ့ခြင်း ဖြစ်သည်။ ရန်ကုန်ဈေးကွက်သို့ ဖျာပုံ၊ မော်ကျွန်း၊ ဘိုကလေး၊ ဒေးဒရဲ၊ ကွမ်းခြံကုန်း၊ ကော့မှူး၊ တွံတေး၊ ဝါးခယ်မ၊ မြောင်းမြ၊ ကျိုက်လတ်၊ လပွတ္တာ၊ ရွှေဘိုဒေသများမှ ဆန်ဝင်ရောက်မှုနည်းခဲ့ကြောင်း သိရသည်။

## အစေ့ထုတ်ပြောင်း

အစေ့ထုတ်ပြောင်းဈေးနှုန်းများမှာ ပြောင်းဟောင်း လက်ကျန်များနေသေးခြင်း၊ ပြောင်းသစ်လှိုင်လှိုင်ပေါ်ချိန်ဖြစ်ခြင်း၊ စိုက်ပျိုးထုတ်လုပ်သူများမှ ရောင်းလိုအားများခြင်း၊ လှောင်လက်အချို့ဝယ်ယူမှုရှိသော်လည်း ပြည်ပဝယ်လက်များမှ အရောင်းအဝယ်အေးခြင်း၊ အစာစပ်လုပ်ငန်းများမှ ဝယ်ယူမှုနည်းခြင်း၊ ပြည်ပငွေလဲနှုန်းများ တည်ငြိမ်လာခြင်း စသည့်အခြေအနေများကြောင့် စက်တင်ဘာ ပထမအပတ်မှ စက်တင်ကာ ဈေးငြိမ်အရောင်းအဝယ်အေးခဲ့ခြင်း ဖြစ်သည်။ အစေ့ထုတ်ပြောင်း ၅၄ ပိဿာလျှင် ယခင်အပတ်နှင့် ယခုအပတ် ပျမ်းမျှဈေးနှုန်းမှာလည်း ၅၇၇၈၀ ကျပ်ဖြစ်သည်။

## စားဖိုဆောင်သီးနှံ

စားဖိုဆောင်သီးနှံ ဈေးကွက်တွင် ငရုတ်ခြောက် (ရှည်)မှာ ပန်းရဲ၊ မြားနီ (ဟင်္သာတ) နှင့် အိမ်မဲ ငရုတ်ရှည်များ ဈေးကွက်သို့ ကုန်အဝင် ပုံမှန်ရှိသော်လည်း စားသုံးသူများမှ ဝယ်လိုအားနည်းခြင်း၊ စိုက်ပျိုးထွက်ရှိရာ ဒေသများတွင် ရောင်းလိုအားများကာ ဈေးနိမ့်နေခြင်းစသည့် အခြေအနေများကြောင့် ယခင်အပတ်ဈေးနှုန်းများဖြင့်သာ ဈေးငြိမ်အရောင်းအဝယ်အေးခဲ့သည်။

ငရုတ်ခြောက် (လတ်)မှာ ဈေးကွက်သို့ ကုန်အဝင် မရှိသလောက် နည်းခြင်းကြောင့် ဈေးနှုန်းကောက်ယူရရှိနိုင်ခြင်း မရှိခဲ့ပါ။ ငရုတ်ခြောက် (ပွ)မှာ ကုန်အဝင် အလွန်နည်းသော်လည်း စားသုံးသူများမှ ဝယ်လိုအားနည်းခြင်းကြောင့် ရောင်းလိုအား၊ ဝယ်လိုအားမျှကာ ယခင်အပတ်ဈေးနှုန်းများဖြင့်သာ ဈေးငြိမ်အရောင်းအဝယ်အေးခဲ့ခြင်း ဖြစ်သည်။ ဈေးကွက်သို့ ဆင်ဖြူကျွန် (ပု)နှင့် မြစ်ဝ(ပု) ငရုတ်ခြောက်(ပွ)နှစ်မျိုးသာ အဝင်ရှိပြီး၊ ကုန်အဝင် အလွန်နည်းခဲ့ကြောင်း သိရသည်။

ထို့ကြောင့် ငရုတ်ခြောက် (ရှည်၊ ပွ) တစ်ပိဿာလျှင် ယခင်အပတ်နှင့် ယခုအပတ် ပျမ်းမျှဈေးနှုန်းမှာ ၇၅၀၀၊ ၁၅၀၀၀ ကျပ်ဖြစ်သည်။ ကြက်သွန်နီ (ထူး၊ လတ်၊ သေး) မှာ မိုးရွာသွန်းမှုများကြောင့် ကြက်သွန်နီ အဟောင်းလက်ကျန်များမှ အစို့ပေါက်လာခြင်း၊ အရောင်အသွေးညှို့လာခြင်း၊ ပြည်ပဝယ်လက်များမှ ဝယ်ယူမှု မရှိသလောက် နည်းခြင်း၊ ရန်ကုန်ဈေးကွက်သို့ ကုန်အဝင်ပိုလာခြင်းတို့ ဖြစ်ပေါ်ခဲ့ပြီး၊ ယခင်အပတ်ထက် ဈေးနိမ့်လာခဲ့သည်။ ကြက်သွန်နီ (ထူး၊ လတ်၊ သေး) တစ်ပိဿာလျှင် ယခင်အပတ် ပျမ်းမျှဈေးနှုန်းမှာ ၃၃၅၀၊ ၃၁၀၀၊ ၂၆၅၀ ကျပ်ဖြစ်ပြီး၊ ယခုအပတ် ဈေးနှုန်းမှာ ၃၀၀၀၊ ၂၈၅၀၊ ၁၉၀၀ ကျပ်ဖြစ်သည်။ ရန်ကုန်ဈေးကွက်သို့ ဆိတ်ဖြူ၊ မြင်းခြံ၊ မုံရွာ၊ ပျော်ဘွယ်၊ တောင်သာ၊ မိတ္ထီလာ၊ ကျောက်ပန်းတောင်း စသောဒေသများမှ ကုန်ဝင်ရောက်မှု ရှိခဲ့ကြောင်း သိရသည်။ ကြက်သွန်ဖြူ (ကြူကုတ်)မှာ ဈေးကွက်သို့ ကုန်အဝင်နည်းခြင်း၊ တင်သွင်းဈေးမြင့်ခြင်း၊ ဝယ်လိုအားများခြင်းတို့ကြောင့် ယခင်အပတ်ထက် ဈေးမြင့်ခဲ့သည်။

ကြက်သွန်ဖြူ (ရှမ်း)မှာ စိုက်ပျိုးထွက်ရှိရာ ဒေသတွင် ဈေးမြင့်လာခြင်း၊ မျိုးအဖြစ်ဝယ်ယူချိန်ဖြစ်ခြင်း၊ သယ်ယူစရိတ်မြင့်ခြင်းတို့ကြောင့် ယခင်အပတ်ထက် ဈေးမြင့်ခဲ့သည်။ ကြက်သွန်ဖြူ (ကြူကုတ်) တစ်ပိဿာလျှင် ယခင်အပတ် ပျမ်းမျှဈေးနှုန်းမှာ ၇၃၅၀ ကျပ်ဖြစ်ပြီး၊ ယခုအပတ် ဈေးနှုန်းမှာ ၇၉၀၀ ကျပ်ဖြစ်သည်။ ကြက်သွန်ဖြူ (ရှမ်း) တစ်ပိဿာလျှင် ယခင်အပတ် ပျမ်းမျှဈေးနှုန်းမှာ ၈၂၀၀ ကျပ်ဖြစ်ပြီး၊ ယခုအပတ် ဈေးနှုန်းမှာ ၈၅၅၀ ကျပ်ဖြစ်သည်။ အာလူးဈေးနှုန်းများမှာ ရှမ်းအာလူးများ ကုန်အဝင် အလွန်နည်းချိန်ဖြစ်ခြင်းကြောင့် ဈေးနှုန်းကောက်ယူရရှိနိုင်ခြင်း မရှိခဲ့ပေ။ တရုတ်အာလူးများသာ ဈေးကွက်သို့ ကုန်အဝင်လှိုင်ခြင်း၊ စားသုံးသူများမှ ဝယ်လိုအားနည်းခြင်းတို့ကြောင့် ယခင်အပတ်ထက် တရုတ်အာလူးများ ဈေးနိမ့်လာခဲ့သည်။ တရုတ်အာလူး တစ်ပိဿာလျှင် ပျမ်းမျှဈေးနှုန်းမှာ ၂၃၀၀ ကျပ်ဖြစ်ပြီး၊ ယခုအပတ် ဈေးနှုန်းမှာ ၁၈၀၀ ကျပ်သို့ ရောက်ရှိဈေးနိမ့်ခဲ့သည်။

## စားသုံးဆီ

ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ် တင်ပို့သောနိုင်ငံများတွင် ဖြစ်ပေါ်လျက်ရှိသော ဈေးကွက်ဈေးနှုန်းများအပေါ် အခြေခံ၍ စားအုန်းဆီ တင်သွင်းသိုလှောင် ဖြန့်ဖြူးခြင်း၊ လုပ်ငန်းကြီးကြပ်မှု ကော်မတီ၏ ၂၀၂၃ ခုနှစ်၊ အောက်တိုဘာ ၁၆ ရက်မှ ၂၂ ရက်အထိကာလအတွက် ထုတ်ပြန်ထားသော ရန်ကုန်အထိုင် လက်ကားရည်ညွှန်း ဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာ လျှင် ၄၂၇၅ ကျပ်ဖြစ်သည်။ ယခင်အပတ် ထုတ်ပြန်ထားသော ရည်ညွှန်းဈေးနှုန်းထက် တစ်ပိဿာလျှင် ၆၅ ကျပ် ဈေးနိမ့်လာခဲ့ခြင်း ဖြစ်သည်။ အနယ်နယ်အရပ်ရပ်တွင် စားအုန်းဆီများအား သတ်မှတ်ထားသော ရည်ညွှန်းဈေးနှုန်းဝန်းကျင်ဖြင့် ရောင်းချပေးသော ဆီဆိုင် များစွာ ပေါ်ပေါက်လာခြင်းကြောင့် ပြင်ပရှိ လက်လီဈေးကွက်တွင် စားအုန်းဆီနှင့် ပဲရောဆီများအား ဈေးမြင့်ရောင်းချမှုမှာ မရှိသလောက် နည်းပါးလာခဲ့ပြီ ဖြစ်သည်။ အခြားသော မြေပဲဆီ၊ နှမ်းဆီ၊ နေကြာဆီ၊ ပဲပုပ်ဆီ အမျိုးအစားများမှာ ဈေးမြင့်လျက်ရှိပြီး၊ အရောင်းအဝယ် အေးလျက်ရှိကြောင်း သိရသည်။ ■

# မန္တလေးဈေးကွက်

၂၄.၁၀.၂၀၂၃

## ဆန်

မန္တလေးဆန်ပွဲရုံများတွင် ဆန်ဈေးနှုန်းအနေဖြင့် အသစ်ဝင်ချိန် နီး၍ လှောင်သမား ထုတ်ရောင်းမှု ရှိခြင်း၊ အရောင်းအဝယ်အေးခြင်း ကြောင့် ရန်ကုန်ပေါ်ဆန်းတစ်အိတ် ၁၂၀၀၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ် နေပြီး ရွှေဘိုပေါ်ဆန်းမှာ အသစ်ဝင် ချိန်နီးခြင်းကြောင့် လှောင်သမား ထုတ်ရောင်းမှုရှိခြင်း၊ မိုးများ၍ မှာယူတင်ပို့ရမှုနည်းခြင်းကြောင့် တစ်အိတ် ၁၄၀၀၀၀ ကျပ်မှ ၁၂၅၀၀၀ ကျပ်သို့ ဈေးမသိမသာ နိမ့်သွားသည်။

မနောသုခဆန်မှာ အဝင်ပုံမှန်၊ စားသုံးမှုပုံမှန်ရှိခြင်းကြောင့် တစ်အိတ် ၉၀၀၀၀ ကျပ်ဖြင့် ဈေးငြိမ်နေသည်။

ငစိန်ဆန်နှင့် ဇီယာဆန်မှာ အသစ်မဝင်သေးသော်လည်း လုပ်ငန်း သမား အဝယ်နည်းခြင်းကြောင့် ငစိန်တစ်အိတ် ၆၂၀၀၀ ကျပ်၊ ဇီယာဆန်မှာလည်း နယ်ဝေး မှာယူ တင်ပို့ရမှုနည်းခြင်း၊ အသစ်ဝင်ချိန် နီး၍ လှောင်သမားထုတ် ရောင်းမှု ရှိခြင်းကြောင့် ပင်ရင်းဈေး နိမ့်ခြင်း ကြောင့် ယခင်အပတ်တစ်အိတ် ၈၀၀၀၀ ကျပ်မှ ၇၈၀၀၀ ကျပ်သို့ ဈေးနိမ့်သွားသည်။

ဧရာမင်းဆန်မှာ အသစ်မဝင် သေးခြင်း၊ မြို့တွင်းစားသုံးမှုများ ခြင်းကြောင့် တစ်အိတ် ၁၃၅၀၀၀ ကျပ် အမြင့်ဈေးဖြင့် တန့်နေသည်။

## ဆီထွက်သီးနှံ

မန္တလေး ပွဲစားကုန်သည် စက်ပိုင်ကထိန်တော်အသင်းတွင် ဆီထွက်သီးနှံများအနက် မြေပဲ (လုံးဆန်/ဆီဆန်)ဈေးနှုန်းမှာ မိုးမြေပဲအသစ်ဝင်ရောက်ခြင်း၊ လုပ်ငန်းသမား အဝယ်နည်းခြင်း ကြောင့် လုံးဆန် ၁၀၀ ပိဿာ အရည်အသွေးအနိမ့်ဆုံး ၆၆၀၀၀၀ ကျပ်မှ ယခုအပတ် ၅၉၀၀၀၀ ကျပ်သို့လည်းကောင်း၊ အရည်အသွေး အကောင်းဆုံးမှာ ၁၀၀ ပိဿာ ၇၁၀၀၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ် နေသည်။

မြေပဲ(ဆီဆန်)မှာ ယခင် အပတ် ၁၀၀ ပိဿာလျှင် ၆၁၀၀၀၀ ကျပ်မှ ဆီစက်သမား အဝယ်နည်း ခြင်းကြောင့် ၅၇၀၀၀၀ ကျပ်သို့ ဈေးနိမ့်သွားသည်။

နှမ်းမျိုးစုံတို့အနက် မိုးနှမ်း များ ဝင်ရောက်မှုရှိခြင်း၊ အရောင်း အဝယ်အေးခြင်းကြောင့် လုပ်ငန်း သမားနှင့် တရုတ်ဝယ်လက်အနည်း ငယ်ရှိသော်လည်း ၄၅ ပိဿာ နှမ်းဖြူအရည်အသွေး အကောင်းဆုံး ၃၆၅၀၀၀ ကျပ်၊ နှမ်းညိုမှာ မိုးနှမ်း အဝင်ရှိသော်လည်း ဆီစက်သမား အဝယ်နည်းခြင်းကြောင့် ၂၉၅၀၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။

နှမ်းနက်မှာ အဝင်ပုံမှန်၊ လုပ်ငန်းသမား ပုံမှန်ရှိခြင်းကြောင့် အရည်အသွေးအကောင်းဆုံး ၃၅၀၀၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ် နေသည်။ နှမ်းနီနှင့်နှမ်းဝါမှာလည်း ဝင်ရောက်မှုရှိပြီး နှမ်းနီ ၄၅ ပိဿာ ၃၁၅၀၀၀ ကျပ်၊ နှမ်းဝါ ၄၅ ပိဿာ ၃၂၀၀၀၀ ကျပ် အမြင့်ဈေး ဖြင့်တည်ငြိမ်နေသည်။

ပန်းနှမ်းမှာ ရောဆီအဖြစ် သုံးရန် ဆီစက်သမား အဝယ်နည်း သော်လည်း လက်ကျန်နည်းခြင်း ကြောင့် ၄၅ ပိဿာ ၂၀၀၀၀၀ ကျပ်မှ ၁၉၅၀၀၀ ကျပ်သို့ ဈေးမသိ မသာနိမ့်သွားသည်။

နေကြာဈေးနှုန်းအနေဖြင့် မိုးနေကြာ အဝင်ရှိခြင်း၊ ဆီစက် သမား အဝယ်နည်းခြင်းကြောင့် အရည်အသွေးအကောင်းဆုံး ယခင် အပတ် ၂၇ ပိဿာ ၁၄၅၀၀၀ ကျပ်မှ ၁၃၅၀၀၀ ကျပ်သို့ ဈေးနိမ့် သွားသည်။

## စားဖိုဆောင်သီးနှံ

မန္တလေးကိုင်းတန်းဈေး စားဖိုဆောင်သီးနှံများအနက် ကြက်သွန်နီ ဈေးနှုန်းမှာ စတင် စိုက်ပျိုးရန် ပြင်ဆင်ချိန်ဖြစ်ခြင်း၊ လှောင်လက်ထံမှဝယ်ရခြင်း၊ နယ်စုံ မှ အမှာများ တင်ပို့ရမှုရှိခြင်း၊ ဂိုဒေါင် လက်ကြီးသမားများထံမှ ရန်ကုန် အမှာတင်ပို့ရမှု ရှိခြင်းတို့ကြောင့် (ကြီး)တစ်ပိဿာ ၂၈၀၀ ကျပ်မှ ၃၁၀၀ ကျပ်၊ (လတ်) တစ်ပိဿာ ၂၆၀၀ ကျပ်မှ ၃၀၀၀ ကျပ်၊ (သေး) တစ်ပိဿာ ၂၃၀၀ ကျပ် မှ ၂၆၀၀ ကျပ်သို့ ဈေးအသီးသီး မြင့်သွားသည်။

ကြက်သွန်ဖြူ(တရုတ်) မှာ မြို့တွင်းစားသုံးမှု ပုံမှန်ဖြစ်သော် လည်း လမ်းပန်းဆက်သွယ်ရေး ကြောင့် အဝင်နည်းခြင်းတို့ကြောင့် ယခင်အပတ် တစ်ပိဿာ ၇၂၀၀ ကျပ်မှ ၇၇၀၀ ကျပ်သို့ ဈေးမြင့် သွားသည်။ ကြက်သွန်ဖြူ(ရှမ်း) မှာ အရည်အသွေးပေါ်မူတည်၍ ပစ္စည်းကောင်း ရှားသွားခြင်းကြောင့် အရည်အသွေးအနိမ့်ဆုံး တစ်ပိဿာ ၇၀၀၀ ကျပ်မှ အကောင်းဆုံး တစ်ပိဿာ ၉၀၀၀ ကျပ်ဈေးအမျိုး မျိုးဖြင့် ရောင်းဝယ်နေသည်။

အာလူးဈေးနှုန်းအနေဖြင့် တရုတ်အာလူးများ အဝင်ပုံမှန်၊ စားသုံးမှုပုံမှန်ရှိခြင်းကြောင့် တစ်ပိဿာ ၂၀၀၀ ကျပ်ဖြင့် ဈေး တည်ငြိမ်နေသည်။

ချင်းဈေးနှုန်းအနေဖြင့် ချင်းသစ်များ အရည်အသွေးကောင်း လာခြင်းကြောင့် တစ်ပိဿာ ၂၀၀၀ ကျပ်မှ ၂၅၀၀ ကျပ်သို့ ဈေးမြင့် လာပြီး ချင်းဟောင်းမှာ လက်ကျန် နည်း၊ ပစ္စည်းရှားခြင်းကြောင့် တစ် ပိဿာ ၆၀၀၀ ကျပ်မှ ၇၀၀၀ ကျပ်သို့ ဈေးမြင့်သွားသည်။

## ပဲမျိုးစုံ

မန္တလေးပွဲစားကုန်သည် စက်ပိုင်ကထိန်တော်အသင်းတွင် ပဲမျိုးစုံတို့အနက် မတ်ပဲဈေးနှုန်းမှာ အသစ်စိုက်ပျိုးရန် ပြင်ဆင်ချိန်ဖြစ်၍ ပစ္စည်းကောင်းရှားခြင်း၊ လှောင်သမား ထံမှ ဝယ်ရခြင်း၊ ရန်ကုန်ဝယ်လက် အနည်းငယ်ရှိခြင်းကြောင့် ၆၀ ပိဿာ သုံးတင်းတစ်အိတ် ၂၄၆၀၀၀ ကျပ်မှ ၂၆၀၀၀၀ ကျပ်သို့ ဈေး မြင့်သွားသည်။

ပဲတီစိမ်း မိုးပဲတီစိမ်းအဝင် ရှိခြင်း၊ ဆောင်းပဲစိုက်ရန် မျိုး အတွက် ဝယ်ယူမှုရှိခြင်း၊ ထွက်ရှိရာ ဒေသနှင့် ခူးဆွတ်မှုကာလပေါ် မူတည်၍ အရည်အသွေးကွာခြားမှု ရှိခြင်းတို့ကြောင့် အရည်အသွေး အနိမ့်ဆုံး သုံးတင်းတစ်အိတ် ၁၅၅၀၀၀ ကျပ်မှ အရည်အသွေး အကောင်းဆုံး ၁၇၃၀၀၀ ကျပ် ဖြင့် မြို့တွင်းပဲခွဲစက်များ အဝယ် ပုံမှန်သာရှိပြီး ဈေးငြိမ်နေသည်။

ပဲစင်းငုံ(ဖြူ/နီ)တို့မှာ အရောင်းအဝယ်အေးသော်လည်း စိုက်ပျိုးထားဆဲကာလဖြစ်၍ ပစ္စည်းကောင်းရှားပြီး လှောင် သမားထံမှ ဝယ်ရခြင်းကြောင့် ပဲစင်းငုံ(ဖြူ) သုံးတင်းတစ်အိတ် ၃၀၀၀၀၀ ကျပ်၊ ပဲစင်းငုံ(နီ) ၆၀ ပိဿာ ၃၈၀၀၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။

ပဲပုပ်(ရှမ်း/မြန်မာ)တို့မှာ မိုးပဲပုပ်အဝင်ရှိခြင်း၊ လုပ်ငန်းသမား ဝယ်ယူမှု ပုံမှန်သာရှိခြင်းကြောင့် ပဲပုပ်(မြန်မာ) သုံးတင်းတစ်အိတ် အရည်အသွေးအကောင်းဆုံး ၂၂၅၀၀၀ ကျပ်မှ ၂၁၅၀၀၀ ကျပ် သို့လည်းကောင်း ဈေးနိမ့်သွားပြီး ပဲပုပ်(ရှမ်း)မှာ မိုးပဲပုပ်အဝင်နည်းပြီး ဆီစက်သမားဝယ်ယူမှုပုံမှန်ရှိခြင်း ကြောင့် အရည်အသွေးအညံ့ဆုံး ၁၆၅၀၀၀ ကျပ်မှ အရည်အသွေး အကောင်းဆုံး ၁၈၅၀၀၀ ကျပ် ဖြင့် ဈေးတည်ငြိမ်နေသည်။

ကုလားပဲဈေးနှုန်းအနေဖြင့် ကုလားပဲ(လုံးဝါကြီး)မှာ လက်ကျန် နည်း၊ လှောင်သမားထံမှ ဝယ်ရခြင်း၊ လုပ်ငန်းသမား ပဲကြော်/လှော်သမား အဝယ်ရှိခြင်းကြောင့် ယခင်အပတ် သုံးတင်းတစ်အိတ် ၂၆၅၀၀၀ ကျပ် မှ ယခုအပတ် ၂၆၈၀၀၀ ကျပ် သို့ ဈေးမသိမသာမြင့်သွားသည်။

ကုလားပဲ(လုံးဝါကြီး)မှာ လှောင်လက်ထုတ်ရောင်းမှုရှိ၍ အဝင်ပုံမှန် ၊ စားသုံးမှုပုံမှန်ရှိသော် လည်း သုံးတင်းတစ်အိတ် ၂၅၈၀၀၀ ကျပ် ဈေးဖြင့် တည်ငြိမ်နေသည်။

ခွဲခြမ်းမှာလည်း လုံးဝါကြီး ဈေးတည်ငြိမ်သဖြင့် တစ်ပိဿာ ၆၄၅၀ ကျပ်ဖြင့် ဈေးတည်ငြိမ် နေသည်။

ပဲယင်းမှာ အသစ်စိုက်ပျိုးစ ဖြစ်သော်လည်း အရောင်းအဝယ် ဖြစ်မှုနည်းခြင်းကြောင့် သုံးတင်း တစ်အိတ် ၁၆၈၀၀၀ ကျပ်မှ ၁၆၅၀၀၀ ကျပ်သို့ ဈေးမသိမသာ နိမ့်သွားသည်။ စားတော်ပဲ(ကျွန်း) မှာလည်း ဈေးမြင့်သဖြင့် လက်လီ သမားအဝယ်နည်းခြင်း၊ အသစ်စတင် စိုက်ပျိုးပြီးဖြစ်၍ လှောင်သမားထုတ် ရောင်းမှုရှိခြင်းတို့ကြောင့် သုံးတင်း တစ်အိတ် ၃၈၀၀၀၀ ကျပ်မှ ၃၆၀၀၀၀ ကျပ်သို့ဈေးနိမ့်သွားသည်။

ပဲကြီး(ကြီး/သေး)၊ ထော ပတ်ပဲ(ကြီး/သေး)တို့မှာ မိုးပဲ ဝင်ချိန်ဖြစ်သော်လည်း အဝင် နည်းခြင်း၊ ဆောင်းပဲစိုက်ပျိုးစ ဖြစ်ခြင်း၊ လက်လီသမားလုပ်ငန်း သမား အဝယ်ပုံမှန်ရှိခြင်းကြောင့် ပဲကြီး(ကြီး) သုံးတင်း တစ်အိတ် ၃၄၀၀၀၀ ကျပ်၊ ပဲကြီး(သေး) ၃၁၀၀၀၀ ကျပ်၊ ထောပတ်ပဲ(ကြီး) ၃၉၀၀၀၀ ကျပ်၊ ထောပတ်ပဲ(သေး) ၃၇၀၀၀၀ ကျပ် အမြင့်ဈေးဖြင့် ဈေးတည်ငြိမ်နေသည်။

ပဲလွန်းဖြူ/ပြာ၊ မြေထောက်ပဲ တို့မှာ မိုးပဲအဝင်နည်းခြင်း၊ ဆောင်း ပဲစိုက်ပျိုးစဖြစ်ခြင်း၊ လက်လီသမား အဝယ်ပုံမှန်ရှိခြင်းတို့ကြောင့် ပဲလွန်းဖြူတစ်အိတ် အရည်အသွေး အကောင်းဆုံး ၁၇၅၀၀၀ ကျပ်၊ ပဲလွန်းပြာ တစ်အိတ် ၁၉၀၀၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။

မြေထောက်ပဲမှာလည်း စတင်စိုက်ပျိုးစ လက်ကျန်ပစ္စည်း ကောင်း ရှားခြင်းကြောင့် ၅၄ ပိဿာ ၃၅၅၀၀၀ ကျပ်ဖြင့် ဈေး တည်ငြိမ်နေသည်။

## ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံ

မန္တလေး ကိုင်းတန်းဈေးတွင် ဟင်းသီးဟင်းရွက်ဈေးနှုန်းအနေ ဖြင့် ခရမ်းချဉ်(ရှမ်းတောင်)တစ်မျိုး သာရှိခြင်းကြောင့် ၂၀ ပိဿာ တစ်သေတ္တာ ၂၆၀၀၀ ကျပ်မှ ၂၈၀၀၀ ကျပ်ဈေးဖြင့် မြို့တွင်းသုံး နှင့် မြစ်ကြီးနား၊ လုံးခင်းအမှာ ရှိသော မြို့များသို့ တင်ပို့မှုရှိသည်။ ငရုတ်စိ(ရှည်)မှာ မိတ္ထီလာ၊ တပ်ကုန်း၊ မုံရွာ၊ ချောင်းဦးတို့မှ ဝင်ရောက်မှု ရှိခြင်းကြောင့် တစ်ပိဿာ ၂၂၀၀ ကျပ်၊ ငရုတ်စိ တစ်ပိဿာ ၃၇၀၀ ကျပ်ဖြင့် လုပ်ငန်းသမားနှင့် ကွတ်ခိုင် ၅ ရက် တစ်ဈေးသို့ တင်ပို့မှုရှိသည်။

သစ်သီးဝလံဈေးနှုန်း အနေ ဖြင့် ဖရဲသီးများ လှိုင်လှိုင်ဝင်ရောက် မှုရှိပြီး တစ်လုံးလျှင် ၈၀၀ ကျပ် မှ ၁၅၀၀ ကျပ်၊ သခွားမွှေး လေးလုံး တစ်ဖာလျှင် ၁၀၀၀၀ ကျပ်မှ ၁၂၀၀၀ ကျပ်၊ ရွှေသခွားတစ်လုံး ၂၀၀၀ ကျပ် ဈေးဖြင့် အမှာရှိသော မြို့များသို့ တင်ပို့မှုရှိသည်။

ပုံတောင်ပုံညာမှ ဝင်ရောက် သော သဘော်သီးတစ်လုံး ၂၀၀၀ ကျပ် မှ ၂၅၀၀ ကျပ်ဈေးရှိသည်။ ရမည်းသင်း၊ မိတ္ထီလာ စပျစ်သီး တစ်ပိဿာ ၄၈၀၀ ကျပ်၊ တရုတ် စပျစ် ၇ ပိဿာတစ်ခြင်း ၇၅၀၀၀ ကျပ်၊ သီပေါဘက်မှ နာနတ်သီး များ အဝင်နည်းသွားသဖြင့် တစ်လုံး ၈၀၀ ကျပ်မှ ၁၀၀၀ ကျပ်သို့ ဈေးမြင့်သွားသည်။

ထောပတ်သီးများမှာ အရည် အသွေးပေါ်မူတည်၍ ၁၂၀ လုံးပါ ပိုက်အိတ်တစ်အိတ် ၁၀၀၀၀ ကျပ်မှ ၃၅၀၀၀ ကျပ်ထိ ဈေးအမျိုးမျိုး ရှိသည်။ ■

# ၂၀၂၃ ခုနှစ်အောက်တိုဘာလ၏ သွင်းအားစုဈေးနှုန်းများ (၂၃-၁၀-၂၀၂၃)

Source : ဈေးကွက်သတင်းအချက်အလက်စနစ်ဌာနစိတ်၊ စိုက်ပျိုးရေးဦးစီးဌာန

| စဉ် | သီးနှံအမည် | ယူနစ် | | နေပြည်တော် | ရန်ကုန် | မန္တလေး | မကွေး | ပဲခူး | စစ်ကိုင်း | ဧရာဝတီ | တနင်္သာရီ | ကချင် | ကရင် | မွန် | ရခိုင် | ရှမ်း(မြောက်) | ရှမ်း(အရှေ့) |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ရေတွက်ပုံ | တစ်ယူနစ် ပမာဏ | | | | | | | | | | | | | | |
| ယူရီးယား | | | | | | | | | | | | | | | | | |
| ၁ | မြင်းပဲ | အိတ် | ၅၀ ကီလို | ၈၅,၀၀၀ | ၈၆,၀၀၀ | | | ၈၀,၀၀၀ | ၉၁,၅၀၀ | ၈၀,၀၀၀ | ၁၀၈,၅၀၀ | ၉၅,၀၀၀ | ၁၀၀,၀၀၀ | ၉၅,၀၀၀ | | ၈၅,၀၀၀ | |
| ၂ | ရွှေတောင် | အိတ် | ၅၀ ကီလို | ၈၃,၀၀၀ | ၈၃,၀၀၀ | ၇၈,၀၀၀ | ၈၀,၀၀၀ | ၇၉,၀၀၀ | ၉၀,၀၀၀ | ၇၇,၀၀၀ | ၁၀၈,၃၃၃ | ၈၃,၀၀၀ | | ၈၇,၀၀၀ | ၁၁၀,၀၀၀ | ၈၃,၀၀၀ | ၉၅,၀၀၀ |
| ၃ | သြဘာ/ကောမက် | အိတ် | ၅၀ ကီလို | | ၈၅,၀၀၀ | ၈၀,၀၀၀ | | ၈၀,၀၀၀ | ၉၀,၀၀၀ | ၈၀,၀၀၀ | ၉၂,၅၀၀ | ၁၅၀,၀၀၀ | | ၈၄,၀၀၀ | ၁၁၀,၀၀၀ | ၉၀,၀၀၀ | |
| ၄ | ရွှေနဂါး | တင်း | ၅၀ ကီလို | ၇၅,၀၀၀ | ၁၁၅,၀၀၀ | ၈၀,၀၀၀ | | ၇၈,၀၀၀ | ၈၆,၅၀၀ | ၇၀,၀၀၀ | ၉၀,၀၀၀ | | | ၈၁,၀၀၀ | | | |
| ၅ | ဝိစာရ | တင်း | ၅၀ ကီလို | | ၈၆,၀၀၀ | ၈၀,၀၀၀ | | ၈၁,၀၀၀ | ၉၃,၀၀၀ | | ၈၅,၀၀၀ | ၁၂၀,၀၀၀ | | | ၁၁၀,၀၀၀ | | |
| တီစူပါ | | | | | | | | | | | | | | | | | |
| ၆ | သံကွင်း | အိတ် | ၅၀ ကီလို | | ၉၉,၀၀၀ | ၁၀၀,၀၀၀ | | ၁၀၀,၀၀၀ | ၁၀၃,၀၀၀ | ၁၀၂,၀၀၀ | ၁၂၀,၀၀၀ | | ၁၁၅,၀၀၀ | ၁၀၇,၀၀၀ | ၁၂၅,၀၀၀ | ၉၅,၀၀၀ | |
| ၇ | အာမို | အိတ် | ၅၀ ကီလို | ၁၀၅,၀၀၀ | ၁၃၈,၀၀၀ | ၁၀၂,၀၀၀ | | ၉၅,၀၀၀ | ၁၁၀,၀၀၀ | ၉၁,၀၀၀ | ၁၁၀,၀၀၀ | ၁၃၀,၀၀၀ | | | ၁၂၅,၀၀၀ | | |
| ၈ | သြဘာ/ကောမက် | အိတ် | ၅၀ ကီလို | | ၁၁၄,၀၀၀ | ၁၀၂,၀၀၀ | | ၁၀၀,၀၀၀ | ၁၀၃,၀၀၀ | ၉၅,၀၀၀ | ၁၅၀,၀၀၀ | ၁၃၀,၀၀၀ | | | ၁၂၅,၀၀၀ | ၁၁၀,၀၀၀ | |
| ၉ | ဝိစာရ | အိတ် | ၅၀ ကီလို | | ၁၁၀,၀၀၀ | | | ၉၅,၀၀၀ | ၁၁၀,၀၀၀ | | | | | | ၁၂၅,၀၀၀ | ၉၅,၀၀၀ | ၉၅,၀၀၀ |
| ပိုတက် | | | | | | | | | | | | | | | | | |
| ၁၀ | မာကိုတာ | အိတ် | ၅၀ ကီလို | ၁၁၅,၀၀၀ | ၁၁၄,၀၀၀ | ၁၂၅,၀၀၀ | | ၁၂၀,၀၀၀ | ၁၁၈,၅၀၀ | | ၁၃၈,၀၀၀ | ၁၁၀,၀၀၀ | ၁၃၀,၀၀၀ | ၁၁၅,၀၀၀ | | ၁၂၅,၀၀၀ | |
| ၁၁ | ဝိစာရ | အိတ် | ၅၀ ကီလို | | ၁၃၄,၀၀၀ | | | ၁၁၀,၀၀၀ | ၁၃၀,၀၀၀ | | ၁၅၀,၀၀၀ | | | | ၁၃၀,၀၀၀ | | |
| ၁၂ | အာမို | အိတ် | ၅၀ ကီလို | ၁၁၅,၀၀၀ | ၁၃၈,၀၀၀ | ၁၃၀,၀၀၀ | | ၁၂၅,၀၀၀ | ၁၂၅,၀၀၀ | ၁၂၀,၀၀၀ | ၁၃၅,၀၀၀ | ၁၃၀,၀၀၀ | | | | ၁၁၀,၀၀၀ | |
| ၁၃ | သြဘာ | အိတ် | ၅၀ ကီလို | | ၁၁၅,၀၀၀ | ၁၃၀,၀၀၀ | | ၁၂၅,၀၀၀ | ၁၃၅,၀၀၀ | | | | | | ၁၃၀,၀၀၀ | ၁၁၅,၀၀၀ | |
| ကွန်ပေါင်း | | | | | | | | | | | | | | | | | |
| ၁၄ | သြဘာ/ကောမက် | အိတ် | ၅၀ ကီလို | ၁၁၅,၀၀၀ | ၁၂၅,၀၀၀ | ၁၅၅,၀၀၀ | | ၁၂၀,၀၀၀ | ၁၇၀,၀၀၀ | ၁၁၅,၀၀၀ | ၁၃၀,၀၀၀ | ၁၅၀,၀၀၀ | ၁၆,၅၀၀ | ၁၁၀,၀၀၀ | ၁၅၀,၀၀၀ | ၁၂၅,၀၀၀ | ၁၃၀,၀၀၀ |
| ၁၅ | အာမို | အိတ် | ၅၀ ကီလို | ၁၆၀,၀၀၀ | ၁၃၅,၀၀၀ | ၁၄၅,၀၀၀ | ၁၅၂,၀၀၀ | ၁၂၅,၀၀၀ | ၁၄၂,၀၀၀ | ၁၀၅,၀၀၀ | ၁၅၀,၀၀၀ | ၁၅၀,၀၀၀ | | | | ၁၃၀,၀၀၀ | |
| ၁၆ | ဝိစာရ | အိတ် | ၅၀ ကီလို | ၉၀,၀၀၀ | ၁၀၇,၀၀၀ | ၁၄၅,၀၀၀ | | ၁၂၀,၀၀၀ | ၁၅၁,၀၀၀ | | ၁၁၅,၀၀၀ | ၁၇၀,၀၀၀ | | | ၁၅၀,၀၀၀ | | |
| ၁၇ | ရွှေနဂါး | အိတ် | ၅၀ ကီလို | | ၁၂၀,၀၀၀ | | | ၁၂၀,၀၀၀ | ၁၄၀,၀၀၀ | ၁၀၀,၀၀၀ | | ၉၀,၀၀၀ | | ၇၇,၀၀၀ | | | |
| ၁၈ | သံကွင်း | အိတ် | ၅၀ ကီလို | | ၁၂၀,၀၀၀ | | | ၁၂၅,၀၀၀ | ၁၃၈,၀၀၀ | | ၁၂၀,၀၀၀ | ၁၀၀,၀၀၀ | | ၈၁,၀၀၀ | | ၁၂၀,၀၀၀ | |
| ဂျစ်ပဆန် | | | | | | | | | | | | | | | | | |
| ၁၉ | သြဘာ/ကောမက် | အိတ် | ၂၅ ကီလို | ၇,၀၀၀ | ၈,၀၀၀ | ၈,၀၀၀ | | ၇,၅၀၀ | | | ၁၂,၆၆၇ | ၁၂,၀၀၀ | ၉,၀၀၀ | ၇,၅၀၀ | | ၉,၀၀၀ | ၈,၀၀၀ |
| ၂၀ | အာမို | အိတ် | ၂၅ ကီလို | ၇,၀၀၀ | ၇,၀၀၀ | ၈,၀၀၀ | | ၈,၀၀၀ | | ၇,၀၀၀ | ၁၁,၅၀၀ | ၁၂,၀၀၀ | | | ၁၂,၅၀၀ | ၈,၀၀၀ | ၇,၅၀၀ |
| ရွက်ဖျန်းမြေသြဇာ | | | | | | | | | | | | | | | | | |
| ၂၁ | သြဘာ/ကောမက် | ဗူး | ၅၀၀ စီစီ | ၈,၂၀၀ | ၁၃,၂၀၀ | ၇,၀၀၀ | ၈,၅၀၀ | ၂၀,၀၀၀ | | | ၉,၅၀၀ | ၈,၀၀၀ | ၉,၀၀၀ | | ၁၁,၀၀၀ | ၈,၅၀၀ | ၇,၀၀၀ |
| ၂၂ | အာမို | ထုပ် | ၅၀၀ ဂရမ် | ၉,၀၀၀ | ၁၅,၀၀၀ | ၆,၀၀၀ | | ၁၂,၀၀၀ | | ၈,၅၀၀ | ၉,၂၅၀ | ၈,၀၀၀ | | ၁၅,၀၀၀ | ၁၀,၀၀၀ | ၇,၈၀၀ | ၇,၅၀၀ |
| ပိုးသတ်ဆေး | | | | | | | | | | | | | | | | | |
| ၂၃ | တင်းရှန့် | ဗူး | ၅၀၀ စီစီ | | | | | ၃၀,၀၀၀ | ၁၄,၅၀၀ | | ၂၅,၀၀၀ | | | | | | |
| ၂၄ | ဒါနာဒင် | ဗူး | ၅၀၀ စီစီ | | ၂၈,၅၀၀ | ၂၇,၅၀၀ | | ၃၁,၀၀၀ | ၂၈,၀၀၀ | | ၃၀,၁၆၇ | | | ၃၅,၀၀၀ | | | |
| ၂၅ | ဖိုင်းယား | ဗူး | ၅၀၀ စီစီ | | ၂၄,၀၀၀ | ၂၆,၁၀၀ | ၂၄,၀၀၀ | ၂၅,၀၀၀ | ၂၅,၅၀၀ | ၂၄,၀၀၀ | ၂၉,၅၀၀ | | | | ၃၁,၀၀၀ | ၂၄,၀၀၀ | |
| ၂၆ | ဖျူရီ | ဗူး | ၅၀၀ စီစီ | | | | | ၂၆,၀၀၀ | ၁၈,၀၀၀ | ၄၀,၀၀၀ | ၁၈,၀၀၀ | | | | | | |
| ၂၇ | ဘက်တား | ထုပ် | ၅၀၀ ဂရမ် | ၄၂,၅၀၀ | ၂၂,၅၀၀ | ၅၀,၀၀၀ | ၂၈,၆၀၀ | ၂၅,၀၀၀ | ၃၂,၀၀၀ | ၃၀,၀၀၀ | ၄၀,၀၀၀ | ၁၈,၀၀၀ | | | ၂၃,၀၀၀ | ၅၆,၀၀၀ | ၂၆,၀၀၀ |
| မှိုသတ်ဆေး | | | | | | | | | | | | | | | | | |
| ၂၈ | ကာဆူမင် | ဗူး | ၅၀၀ စီစီ | | | ၂၁,၀၀၀ | | ၂၅,၀၀၀ | ၃၅,၅၀၀ | ၂၃,၀၀၀ | ၁၉,၆၆၇ | ၁၂,၀၀၀ | ၃၅,၀၀၀ | ၃၇,၅၀၀ | ၂၉,၀၀၀ | ၂၁,၀၀၀ | |
| ၂၉ | ဆင်နာဂျီ | ထုပ် | ၅၀၀ ဂရမ် | | ၁၉,၀၀၀ | ၁၉,၈၀၀ | ၂၄,၅၀၀ | ၂၃,၅၀၀ | ၁၉,၅၀၀ | | ၂၁,၀၀၀ | ၂၀,၀၀၀ | ၂၇,၅၀၀ | ၂၄,၀၀၀ | ၂၄,၀၀၀ | ၁၉,၀၀၀ | |
| ၃၀ | မန်ကိုဇက် | ထုပ် | ၅၀၀ ဂရမ် | ၁၂,၀၀၀ | ၁၈,၀၀၀ | | | ၁၈,၀၀၀ | ၁၀,၅၀၀ | ၁၇,၅၀၀ | ၁၇,၇၅၀ | ၁၂,၀၀၀ | ၂၅,၀၀၀ | | ၂၈,၀၀၀ | ၁၇,၀၀၀ | |
| ၃၁ | ယူနတီ | ဗူး | ၅၀၀ စီစီ | ၆၉,၇၀၀ | | ၈၀,၅၀၀ | ၁၄,၅၀၀ | | ၅၅,၀၀၀ | ၅၉,၀၀၀ | ၇၀,၀၀၀ | ၃၆,၀၀၀ | ၁၂,၅၀၀ | | | | |
| ၃၂ | ဟက်ဇာဝွန်/ဟက်ဇာဂိုနားဖိုး | ဗူး | ၅၀၀ စီစီ | ၁၃,၅၀၀ | ၁၉,၀၀၀ | | | ၂၄,၀၀၀ | ၂၀,၀၀၀ | | ၁၉,၀၀၀ | ၁၉,၀၀၀ | | | | ၂၄,၀၀၀ | |
| ၃၃ | အာမိုခရောင်း | ထုပ် | ၅၀၀ ဂရမ် | ၁၁,၀၀၀ | | ၃၂,၅၀၀ | | ၂၅,၀၀၀ | ၅၂,၀၀၀ | ၂၄,၀၀၀ | ၁၄,၂၅၀ | | | ၁၈,၅၀၀ | | | ၂၃,၀၀၀ |
| ပေါင်းသတ်ဆေး | | | | | | | | | | | | | | | | | |
| ၃၄ | ကွန်ပလီ | ထုပ် | ၅၀၀ ဂရမ် | ၄၃,၃၀၀ | | ၄၀,၀၀၀ | | ၃၅,၀၀၀ | ၃၁,၅၀၀ | | ၃,၅၀၀ | ၄၅,၀၀၀ | | | ၂၀,၀၀၀ | ၄၀,၀၀၀ | |
| ၃၅ | ဂလိုင်ဖိုဆိတ်/ပေါင်းကေလာ | ဗူး | ၁ လီတာ | ၁၅,၀၀၀ | ၁၅,၅၀၀ | ၁၈,၁၀၀ | ၄၇,၀၀၀ | ၂၀,၀၀၀ | ၁၃,၀၀၀ | ၁၄,၀၀၀ | ၁၅,၅၀၀ | ၁၆,၀၀၀ | | | ၂၂,၀၀၀ | ၁၅,၀၀၀ | ၁၇,၀၀၀ |
| ၃၆ | ဂျင်နရယ် | ဗူး | ၁ လီတာ | | | | | ၂၄,၀၀၀ | ၁၃,၀၀၀ | | ၁၆,၅၀၀ | | | | | | |
| ၃၇ | ဓောင်းထက်(40wp) | ထုပ် | ၅၀၀ ဂရမ် | ၄၅,၆၀၀ | | | | ၂၅,၀၀၀ | ၁၂,၀၀၀ | | ၂၅,၀၀၀ | | | | | | |
| ၃၈ | ဖော်ကျွန်း | ဗူး | ၅၀၀ စီစီ | ၂၅,၂၀၀ | ၃၀,၀၀၀ | ၃၀,၀၀၀ | ၂၄,၅၀၀ | ၂၅,၀၀၀ | ၂၄,၅၀၀ | | ၂၅,၀၀၀ | ၂၃,၀၀၀ | ၃၀,၀၀၀ | | | ၂၉,၀၀၀ | |
| ၃၉ | မက်ဖိုက်တာ | ထုပ် | ၅၀၀ ဂရမ် | | | | | ၃၀,၀၀၀ | ၃၀,၀၀၀ | ၁၅,၀၀၀ | ၂၃,၀၀၀ | | | | | | |
| ၄၀ | ဝိစာရ | ဗူး | ၅၀၀ စီစီ | | | | | ၂၃,၀၀၀ | ၂၆,၀၀၀ | | ၂၅,၀၀၀ | | | | ၂၈,၀၀၀ | ၁၃,၀၀၀ | |
| ဟော်မုန်း | | | | | | | | | | | | | | | | | |
| ၄၁ | ဂရိုးသြ | ထုပ် | ၁၀ စီစီ | ၁,၃၀၀ | | ၁,၄၀၀ | ၁,၃၀၀ | ၂,၀၀၀ | ၁,၄၀၀ | | ၂,၂၀၀ | ၁,၅၀၀ | | | ၂,၀၀၀ | | |
| ၄၂ | ဖာတီစတက် | ဗူး | ၅၀၀ စီစီ | | | | | ၁၆,၀၀၀ | ၁၁,၀၀၀ | | ၁၅,၀၀၀ | ၁၅,၀၀၀ | | ၂၅,၀၀၀ | | | |
| ၄၃ | မော်ရယ်မုန်း/လစ်တိုဇင် | ဗူး | ၅၀၀ စီစီ | ၂၃,၀၀၀ | | ၂၇,၄၀၀ | | ၂၀,၀၀၀ | ၂၅,၅၀၀ | | ၁၇,၇၅၀ | | | ၃၅,၀၀၀ | ၂၉,၀၀၀ | | |
| ၄၄ | အာမို | ဗူး | ၅၀၀ စီစီ | | | | | ၁၅,၀၀၀ | ၂၆,၅၀၀ | | ၂၁,၀၀၀ | | | | ၃၃,၀၀၀ | | |
| ၄၅ | GA3 | ထုပ် | ၁၀ ဂရမ် | ၂,၀၀၀ | | ၂,၅၀၀ | | ၂,၂၀၀ | ၂,၂၀၀ | ၂,၂၀၀ | ၃,၀၀၀ | ၂,၅၀၀ | | ၃,၀၀၀ | ၂,၀၀၀ | ၂,၅၀၀ | ၃,၅၀၀ |

# ၂၀၂၃ ခုနှစ် အောက်တိုဘာလ၏ သွင်းအားစုဈေးနှုန်းများ (၂၃-၁၀-၂၀၂၃)

**Source :** ဈေးကွက်သတင်းအချက်အလက်စနစ်ဌာနစိတ်၊ စိုက်ပျိုးရေးဦးစီးဌာန

| စဉ် | သီးနှံအမည် | ယူနစ် | | နေပြည်တော် | ရန်ကုန် | မန္တလေး | မကွေး | ပဲခူး | စစ်ကိုင်း | ဧရာဝတီ | တနင်္သာရီ | ကချင် | ကရင် | မွန် | ရခိုင် | ရှမ်း(မြောက်) | ရှမ်း(အရှေ့) |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ရေတွက်ပုံ | တစ်ယူနစ် ပမာဏ | | | | | | | | | | | | | | |
| မျိုးစေ့ | | | | | | | | | | | | | | | | | |
| ၄၆ | မနောသုခ(မျိုး) | တင်း | ၄၆ ပေါင် | ၃၀,၀၀၀ | | ၃၅,၀၀၀ | | ၂၄,၀၀၀ | ၂၃,၀၀၀ | ၂၃,၃၀၀ | ၂၁,၀၀၀ | | ၁၈,၀၀၀ | ၃၀,၀၀၀ | ၁၈,၀၀၀ | | |
| ၄၇ | ဆင်းသုခ(မျိုး) | တင်း | ၄၆ ပေါင် | ၃၀,၀၀၀ | ၂၀,၀၀၀ | ၃၅,၀၀၀ | | ၂၄,၀၀၀ | ၂၃,၀၀၀ | ၂၃,၃၀၀ | ၂၀,၅၀၀ | | ၁၈,၀၀၀ | ၃၀,၀၀၀ | ၁၈,၀၀၀ | | |
| ၄၈ | ရေမင်း(မျိုး) | တင်း | ၄၆ ပေါင် | ၄၀,၀၀၀ | ၃၀,၀၀၀ | ၄၀,၀၀၀ | | | ၃၃,၅၀၀ | ၂၄,၆၀၀ | ၂၁,၅၀၀ | | | ၃၅,၀၀၀ | | | |
| ၄၉ | ပေါ်ဆန်းမွှေး(မျိုး) | တင်း | ၄၆ ပေါင် | ၄၀,၀၀၀ | ၃၀,၀၀၀ | | | ၃၅,၀၀၀ | ၃၆,၀၀၀ | | ၂၄,၀၀၀ | | | | ၂၄,၀၀၀ | | |
| ၅၀ | လုံးသွယ်မွှေး(မျိုး) | တင်း | ၄၆ ပေါင် | | | | | | | | | | | | | | |
| ၅၁ | ရွှေရင်အေး(မျိုး) | တင်း | ၄၆ ပေါင် | | | | | | | | | | | | | | ၆၀,၀၀၀ |
| ၅၂ | ပေါ်ဆန်းရင်(မျိုး) | တင်း | ၄၆ ပေါင် | ၄၀,၀၀၀ | ၂၄,၀၀၀ | | | | | ၃၃,၃၀၀ | ၂၃,၂၅၀ | | | ၄၀,၀၀၀ | ၂၂,၀၀၀ | | |
| ၅၃ | ရတနာ့တိုး(မျိုး) | တင်း | ၄၆ ပေါင် | ၃၀,၀၀၀ | | | | ၂၄,၀၀၀ | | | | | | | | | |
| ၅၄ | ရွှေသွယ်ရင်(မျိုး) | တင်း | ၄၆ ပေါင် | | | ၃၀,၀၀၀ | | | | | | | | | | | |
| ၅၅ | ဆင်းသွယ်လတ်(မျိုး) | တင်း | ၄၆ ပေါင် | | | | | ၂၄,၀၀၀ | | | ၂၀,၅၀၀ | | | | ၁၉,၀၀၀ | | |
| ၅၆ | မော်ဘီ-၂ (မျိုး) | တင်း | ၄၆ ပေါင် | | | | | ၂၄,၀၀၀ | | | ၂၅,၀၀၀ | | | | | | |
| ၅၇ | ထိုင်းနံ့ကောက် (မျိုး) | တင်း | ၄၆ ပေါင် | ၃၀,၀၀၀ | | | | ၂၅,၀၀၀ | | | ၂၅,၀၀၀ | | | | | | |
| ၅၈ | ဆင်းဧကရီ-၃ (မျိုး) | တင်း | ၄၆ ပေါင် | | | | | | ၂၃,၀၀၀ | | | | | | | ၂၂,၀၀၀ | ၆၀,၀၀၀ |

# တိုင်းဒေသကြီး / ပြည်နယ်ဈေးကွက်အလိုက် သီးနှံလက်ကားဈေးနှုန်းများ (၂၃-၁၀-၂၀၂၃)

| စဉ် | သီးနှံအမည် | ယူနစ် | | နေပြည်တော် | ရန်ကုန်တိုင်းဒေသကြီး | မန္တလေးတိုင်းဒေသကြီး | မကွေးတိုင်းဒေသကြီး | ပဲခူးတိုင်းဒေသကြီး | စစ်ကိုင်းတိုင်းဒေသကြီး | ဧရာဝတီတိုင်းဒေသကြီး | တနင်္သာရီတိုင်းဒေသကြီး | ကချင်ပြည်နယ် | ကရင်ပြည်နယ် | မွန်ပြည်နယ် | ရခိုင်ပြည်နယ် | ရှမ်းပြည်နယ်(မြောက်) | ရှမ်းပြည်နယ်(အရှေ့) |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ရေတွက်ပုံ | တစ်ယူနစ် ပမာဏ | | | | | | | | | | | | | | |
| စပါး | | | | | | | | | | | | | | | | | |
| ၁ | မနောသုခ | တင်း | ၄၆ ပေါင် | ၂၅,၀၀၀ | ၂၃,၀၀၀ | ၂၇,၅၀၀ | ၂၂,၀၀၀ | ၁၆,၀၀၀ | ၂၁,၀၀၀ | ၁၈,၅၀၀ | ၂၀,၀၀၀ | | ၁၉,၀၀၀ | ၂၁,၀၀၀ | ၁၆,၀၀၀ | | |
| ၂ | ဆင်းသုခ | တင်း | ၄၆ ပေါင် | ၂၅,၀၀၀ | ၂၃,၀၀၀ | | ၂၂,၀၀၀ | ၁၆,၀၀၀ | ၂၁,၀၀၀ | ၁၈,၅၀၀ | ၁၉,၀၀၀ | | ၁၉,၀၀၀ | ၂၁,၀၀၀ | ၁၆,၀၀၀ | | |
| ၃ | ရေမင်း | တင်း | ၄၆ ပေါင် | ၃၁,၀၀၀ | ၂၅,၀၀၀ | ၃၄,၀၀၀ | ၃၃,၀၀၀ | | ၃၀,၀၀၀ | ၁၉,၀၀၀ | ၂၀,၀၀၀ | ၂၉,၀၀၀ | | | | | |
| ၄ | ပေါ်ဆန်းမွှေး | တင်း | ၄၆ ပေါင် | ၃၁,၀၀၀ | ၂၇,၀၀၀ | ၃၉,၀၀၀ | | ၃၀,၀၀၀ | ၃၃,၀၀၀ | | ၂၂,၀၀၀ | | ၂၄,၀၀၀ | ၂၈,၀၀၀ | ၂၁,၀၀၀ | | |
| အခြားနှံစားသီးနှံ | | | | | | | | | | | | | | | | | |
| ၅ | အစေ့ထုတ်ပြောင်း | တင်း | ၁၈ ပိဿာ | ၂၀,၀၀၀ | | ၂၃,၀၀၀ | | ၂၁,၀၀၀ | ၁၇,၀၀၀ | ၂၀,၀၀၀ | | ၁၉,၀၀၀ | ၂၄,၀၀၀ | | | ၁၆,၀၀၀ | ၂၅,၀၀၀ |
| ပဲမျိုးစုံ | | | | | | | | | | | | | | | | | |
| ၆ | မတ်ပဲ | တင်း | ၁၉.၄၄ ပိဿာ | ၈၅,၀၀၀ | ၈၂,၀၀၀ | ၈၁,၀၀၀ | | ၇၅,၀၀၀ | ၆၂,၀၀၀ | ၈၂,၀၀၀ | ၇၃,၇၅၀ | ၆၆,၀၀၀ | ၈၄,၀၀၀ | ၈၃,၀၀၀ | ၆၉,၀၀၀ | | |
| ၇ | ပဲတီစိမ်း | တင်း | ၁၉.၄၄ ပိဿာ | ၅၈,၀၀၀ | ၇၀,၀၀၀ | ၅၃,၀၀၀ | | ၆၅,၀၀၀ | ၅၆,၅၀၀ | ၆၁,၀၀၀ | ၅၅,၇၅၀ | ၅၈,၅၀၀ | ၉၁,၀၀၀ | ၅၇,၀၀၀ | ၅၈,၀၀၀ | ၆၀,၀၀၀ | |
| ၈ | ပဲစင်းငုံ | တင်း | ၁၉.၄၄ ပိဿာ | ၁၁၀,၀၀၀ | | | | ၉၀,၀၀၀ | ၇၈,၅၀၀ | ၅၈,၀၀၀ | ၉၉,၅၀၀ | | | | | | |
| ၉ | ကုလားပဲ (လုံးသေး) | တင်း | ၁၈.၆၃ ပိဿာ | ၈၅,၀၀၀ | | ၈၅,၅၀၀ | | ၈၂,၀၀၀ | ၆၁,၀၀၀ | ၄၈,၅၀၀ | | | ၁၁၀,၀၀၀ | | | ၇၅,၀၀၀ | |
| ၁၀ | ကုလားပဲ (လုံးကြီး) | တင်း | ၁၈.၆၃ ပိဿာ | ၈၅,၀၀၀ | | ၉၁,၀၀၀ | | ၈၇,၀၀၀ | ၆၇,၀၀၀ | ၄၉,၅၀၀ | | | | | | | |
| ၁၁ | ကုလားပဲ (ခြမ်း) | ပိဿာ | | ၇,၅၀၀ | | ၆,၂၀၀ | | ၇,၅၀၀ | ၄,၂၀၀ | ၆,၃၀၀ | ၆,၆၀၀ | | ၅,၅၀၀ | ၆,၈၀၀ | ၇,၀၀၀ | ၅,၆၀၀ | ၆,၀၀၀ |
| ၁၂ | ပဲပုတ် | တင်း | ၁၉.၄၄ ပိဿာ | | | ၅၂,၀၀၀ | | ၈၂,၀၀၀ | ၆၇,၀၀၀ | | | ၈၁,၀၀၀ | ၆၉,၀၀၀ | ၆၈,၀၀၀ | | ၅၀,၀၀၀ | ၄၀,၀၀၀ |
| ဆီထွက် | | | | | | | | | | | | | | | | | |
| ၁၃ | နှမ်းနက် | တင်း | ၁၄.၈၅ ပိဿာ | ၁၀၀,၀၀၀ | | ၁၁၆,၀၀၀ | | ၉၂,၀၀၀ | ၁၀၈,၀၀၀ | ၇၄,၀၀၀ | ၁၁၄,၅၀၀ | | ၉၂,၀၀၀ | ၁၀၀,၀၀၀ | ၇၄,၀၀၀ | ၁၀၂,၀၀၀ | ၈၀,၀၀၀ |
| ၁၄ | နှမ်းနီ | တင်း | ၁၄.၈၅ ပိဿာ | ၁၀၀,၀၀၀ | | ၁၀၄,၀၀၀ | | ၈၈,၀၀၀ | ၉၈,၀၀၀ | | | | | | | | |
| ၁၅ | နှမ်းဖြူ | တင်း | ၁၄.၈၅ ပိဿာ | | | ၁၂၆,၀၀၀ | | ၈၈,၀၀၀ | ၁၀၆,၀၀၀ | | | ၁၂၁,၀၀၀ | | | | | |
| ၁၆ | မြေပဲ(အဆံ) | ပိဿာ | | ၆,၅၀၀ | ၇,၀၀၀ | ၆,၅၀၀ | | ၉,၀၀၀ | ၈,၂၀၀ | ၈,၃၀၀ | ၇,၀၀၀ | ၈,၅၀၀ | ၇,၅၀၀ | ၁၀,၀၀၀ | ၈,၀၀၀ | ၇,၀၀၀ | ၈,၀၀၀ |
| ၁၇ | မြေပဲ(အတောင့်) | တင်း | ၆.၇၅ ပိဿာ | ၂၈,၀၀၀ | ၂၈,၀၀၀ | ၃၂,၀၀၀ | | ၄၀,၀၀၀ | ၃၂,၀၀၀ | | | ၂၄,၀၀၀ | | ၃၅,၀၀၀ | ၃၈,၀၀၀ | | ၃၅,၀၀၀ |
| ၁၈ | နေကြာ | တင်း | ၈.၆၄ ပိဿာ | | | ၃၇,၀၀၀ | | ၄၀,၀၀၀ | ၅၄,၅၀၀ | | | | ၃၁,၀၀၀ | | | ၃၈,၀၀၀ | ၃၅,၀၀၀ |
| စက်မှုကုန်ကြမ်းသီးနှံ | | | | | | | | | | | | | | | | | |
| ၁၉ | ဝါ(ချည်မျှင်တို) | ပိဿာ | | ၃,၀၀၀ | | ၂,၁၀၀ | | ၂,၀၀၀ | ၃,၀၀၀ | | | | | | | | |
| ၂၀ | ဝါ(ချည်မျှင်ရှည်) | ပိဿာ | | | | ၂,၉၀၀ | | ၃,၀၀၀ | ၃,၂၀၀ | | | | | | | | |
| ၂၁ | ချက်ကြံ | တန် | | ၈၅,၀၀၀ | | | | ၈၀,၀၀၀ | ၄၈,၅၀၀ | | | | ၆၅,၀၀၀ | ၆၇,၀၀၀ | | ၉၅,၀၀၀ | |
| ၂၂ | စားကြံ | တန် | | | | | | | | | ၁၄၁,၅၀၀ | | | | | | |
| ဆန် | | | | | | | | | | | | | | | | | |
| ၂၃ | မနောသုခ(ဆန်) | အိတ် | ၃၀ ပိဿာ | ၆၀,၀၀၀ | ၇၈,၀၀၀ | ၁၁၈,၀၀၀ | ၉၂,၀၀၀ | ၇၆,၀၀၀ | ၈၆,၀၀၀ | ၇၃,၀၀၀ | ၇၅,၇၅၀ | | ၈၄,၀၀၀ | ၅၂,၀၀၀ | ၅၉,၀၀၀ | ၁၁၀,၀၀၀ | |
| ၂၄ | ဆင်းသုခ(ဆန်) | အိတ် | ၃၀ ပိဿာ | ၆၀,၀၀၀ | ၇၈,၀၀၀ | | ၈၃,၀၀၀ | ၇၆,၀၀၀ | ၈၆,၀၀၀ | ၇၃,၀၀၀ | ၇၇,၅၀၀ | | ၈၄,၀၀၀ | ၅၂,၀၀၀ | ၅၉,၀၀၀ | | |
| ၂၅ | ရေမင်း(ဆန်) | အိတ် | ၃၀ ပိဿာ | ၈၀,၀၀၀ | ၈၅,၀၀၀ | ၁၄၈,၀၀၀ | ၉၉,၀၀၀ | ၈၂,၀၀၀ | ၁၄၅,၀၀၀ | ၈၀,၀၀၀ | ၈၀,၆၆၇ | ၁၁၈,၀၀၀ | | | | ၁၃၀,၀၀၀ | |
| ၂၆ | ပေါ်ဆန်းမွှေး(ဆန်) | အိတ် | ၃၀ ပိဿာ | ၁၂၀,၀၀၀ | ၉၅,၀၀၀ | ၁၇၈,၀၀၀ | ၁၂၈,၀၀၀ | ၁၃၅,၀၀၀ | ၁၅၀,၀၀၀ | | ၁၁၉,၁၆၇ | ၁၄၃,၀၀၀ | ၁၁၆,၀၀၀ | | ၉၉,၀၀၀ | ၁၅၀,၀၀၀ | |
| စားဖိုဆောင်သီးနှံ | | | | | | | | | | | | | | | | | |
| ၂၇ | ကြက်သွန်နီ(အကြီး) | ပိဿာ | | ၃,၅၀၀ | ၃,၄၀၀ | ၄,၃၀၀ | | ၃,၅၀၀ | ၃,၈၀၀ | ၃,၆၀၀ | ၃,၇၅၀ | ၃,၅၀၀ | ၃,၅၀၀ | ၃,၅၀၀ | ၃,၈၀၀ | ၄,၀၀၀ | ၄,၅၀၀ |
| ၂၈ | ကြက်သွန်နီ(အလတ်) | ပိဿာ | | ၃,၀၀၀ | ၃,၀၀၀ | | | ၃,၀၀၀ | ၃,၂၀၀ | ၃,၂၀၀ | ၃,၄၂၅ | ၃,၀၀၀ | | ၃,၅၀၀ | ၃,၃၀၀ | ၃,၀၀၀ | ၄,၀၀၀ |
| ၂၉ | ကြက်သွန်နီ(အသေး) | ပိဿာ | | ၂,၀၀၀ | ၂,၃၀၀ | | | ၂,၅၀၀ | ၂,၆၀၀ | ၂,၈၀၀ | ၃,၂၀၀ | ၂,၅၀၀ | | ၃,၁၅၀ | | ၂,၈၀၀ | ၃,၅၀၀ |
| ၃၀ | ကြက်သွန်ဖြူ(ဗမာ) | ပိဿာ | | ၁၁,၀၀၀ | ၈,၂၀၀ | | | ၇,၅၀၀ | ၂၁,၀၀၀ | ၈,၅၀၀ | ၇,၆၀၀ | ၁၀,၀၀၀ | ၉,၀၀၀ | ၈,၅၀၀ | ၉,၀၀၀ | | ၁၁,၅၀၀ |
| ၃၁ | ကြက်သွန်ဖြူ(ရှမ်း) | ပိဿာ | | ၉,၅၀၀ | ၈,၂၀၀ | | | ၇,၅၀၀ | ၁၈,၀၀၀ | ၈,၅၀၀ | ၈,၀၀၀ | ၈,၀၀၀ | ၁၀,၀၀၀ | ၉,၃၀၀ | | ၈,၀၀၀ | ၇,၀၀၀ |
| ၃၂ | ကြက်သွန်ဖြူ(ကြူကုတ်) | ပိဿာ | | | ၇,၄၀၀ | | | ၇,၀၀၀ | ၂၀,၀၀၀ | | ၁၁,၅၀၀ | | | ၇,၆၀၀ | ၇,၀၀၀ | ၉,၅၀၀ | |
| ၃၃ | ငရုတ်အစို(ရှည်) | ပိဿာ | | ၂,၀၀၀ | ၁,၅၀၀ | | | ၃,၀၀၀ | ၄,၅၀၀ | | ၈,၂၅၀ | ၉,၀၀၀ | | ၇,၅၀၀ | ၃,၂၀၀ | ၅,၀၀၀ | |
| ၃၄ | ငရုတ်အစို(ပွ) | ပိဿာ | | | ၃,၀၀၀ | | | ၃,၀၀၀ | ၈,၀၀၀ | | ၁၉,၅၀၀ | ၁၁,၀၀၀ | | ၁၃,၅၀၀ | ၃,၂၀၀ | ၃,၅၀၀ | |
| ၃၅ | ငရုတ်အစို(ပီနန်) | ပိဿာ | | | ၇,၀၀၀ | | | ၁၄,၀၀၀ | | | | | | | | ၆,၀၀၀ | ၅,၀၀၀ |
| ၃၆ | ငရုတ်အခြောက်(ရှည်) | ပိဿာ | | ၂၂,၀၀၀ | ၇,၀၀၀ | | | ၁၅,၀၀၀ | ၁၄,၅၀၀ | ၁၇,၀၀၀ | ၁၄,၈၃၃ | | | ၁၄,၅၀၀ | ၁၃,၅၀၀ | ၁၄,၀၀၀ | ၁၅,၀၀၀ |
| ၃၇ | ငရုတ်အခြောက်(ပွ) | ပိဿာ | | | ၁၄,၀၀၀ | | | ၂၀,၀၀၀ | ၂၀,၀၀၀ | ၁၄,၀၀၀ | ၂၁,၀၀၀ | | | ၁၆,၅၀၀ | ၁၃,၅၀၀ | ၁၄,၀၀၀ | |
| ၃၈ | ငရုတ်အခြောက်(ပီနန်) | ပိဿာ | | | | | | | | | ၁၈,၅၀၀ | ၂၃,၀၀၀ | | ၂၂,၀၀၀ | | ၁၅,၀၀၀ | |
| ၃၉ | ခရမ်းချဉ်(ဗမာ) | ပိဿာ | | ၂,၅၀၀ | | | | ၂,၅၀၀ | ၂,၈၀၀ | ၃,၀၀၀ | ၂,၇၅၀ | ၂,၃၀၀ | | | | | ၃,၅၀၀ |
| ၄၀ | ခရမ်းချဉ်(ရှမ်း) | ပိဿာ | | ၁,၀၀၀ | ၁,၅၀၀ | | | ၂,၈၀၀ | ၃,၀၀၀ | ၂,၅၀၀ | ၃,၄၅၀ | | | ၂,၃၀၀ | ၃,၃၀၀ | ၁,၈၀၀ | ၂,၅၀၀ |
| ၄၁ | အာလူး | ပိဿာ | | ၂,၀၀၀ | ၂,၂၀၀ | | | ၂,၈၀၀ | ၅,၀၀၀ | ၂,၈၀၀ | ၃,၃၅၀ | ၂,၅၀၀ | ၃,၀၀၀ | ၂,၆၀၀ | ၃,၈၀၀ | ၂,၅၀၀ | ၃,၅၀၀ |
| ဆီ | | | | | | | | | | | | | | | | | |
| ၄၂ | မြေပဲဆီ | ပိဿာ | | ၁၈,၀၀၀ | ၁၆,၀၀၀ | ၁၆,၅၀၀ | | ၁၇,၀၀၀ | ၁၈,၀၀၀ | ၁၆,၅၀၀ | ၁၅,၀၀၀ | ၁၄,၀၀၀ | ၁၆,၀၀၀ | ၁၇,၅၀၀ | ၁၆,၀၀၀ | ၁၆,၀၀၀ | ၂၀,၀၀၀ |
| ၄၃ | နှမ်းဆီ | ပိဿာ | | ၁၈,၀၀၀ | | ၁၅,၀၀၀ | | ၁၄,၀၀၀ | ၁၆,၀၀၀ | | ၁၄,၅၀၀ | | ၁၆,၀၀၀ | ၁၄,၅၀၀ | ၁၉,၀၀၀ | ၁၃,၀၀၀ | |
| ၄၄ | နေကြာဆီ | ပိဿာ | | ၁၈,၀၀၀ | ၁၅,၀၀၀ | ၁၅,၀၀၀ | | ၁၆,၀၀၀ | ၁၃,၀၀၀ | ၁၆,၀၀၀ | ၁၃,၅၀၀ | ၁၇,၀၀၀ | | | | ၁၅,၀၀၀ | |
| ၄၅ | ပဲပုတ်ဆီ | ပိဿာ | | ၇,၁၀၀ | | | | | ၁၂,၅၀၀ | | ၁၀,၇၅၀ | | ၁၁,၀၀၀ | ၁၀,၀၀၀ | | | ၁၀,၅၀၀ |
| ၄၆ | စားအုန်းဆီ | ပိဿာ | | ၇,၀၀၀ | | | | ၇,၀၀၀ | ၇,၀၀၀ | ၉,၀၀၀ | ၈,၁၅၀ | ၁၁,၀၀၀ | ၈,၅၀၀ | ၇,၆၀၀ | ၉,၀၀၀ | ၉,၂၀၀ | |
| ၄၇ | ဝါစေ့ဆီ | ပိဿာ | | | | ၇,၅၀၀ | | | | | | | | | | | |

ကျောဖုံး - ရေသယံဇာတမှ

ပြည်သူများအတွက် ငါးရိက္ခာဖူလုံစေရုံသာမက ငါးသယံဇာတများ ရေရှည်တည်တံ့စေရန် ထိန်းသိမ်းခြင်းဖြင့် အနာဂတ်မျိုးဆက်များအတွက် ဖူလုံစွာရရှိရန် မျှော်မှန်းချက်ဖြင့် ဆောင်ရွက်နေကြောင်း သိရ၏။ မျှော်မှန်းချက်များ ပြည့်မီအောင် ဆောင်ရွက်နိုင်ရန်အတွက် အစိတ်အပိုင်းတစ်ခုအဖြစ် ငါးလုပ်ငန်းဦးစီးဌာနသည် နော်ဝေနိုင်ငံပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီက ရန်ပုံငွေထောက်ပံ့သည့် EAF- Nasen Programme အစီအစဉ်နှင့်အတူ နော်ဝေနိုင်ငံ ရေငန်သုတေသနဌာန IMR-Institute of Marine Researih၊ FAO စသည့်အဖွဲ့အစည်းများဖြင့် သီးသန့်စီးပွားရေးဇုန်အပါအဝင် ကမ်းဝေးငါးဖမ်းရေပြင်အတွင်း ငါးသယံဇာတ တည်ရှိမှုနှင့် ငါးဖမ်းဆီးထုတ်လုပ်မှု အခြေအနေများကို အကဲဖြတ် ဆန်းစစ်နိုင်ရေးဆိုင်ရာ ငါးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်နေကြောင်းသိရ၏။

ထို့အတူ ဘင်္ဂလားပင်လယ်အော်ဂေဟစနစ်စီမံကိန်းအနေဖြင့် အနေဖြင့်လည်း ယခင်ဆောင်ရွက်ခဲ့သည့် သုတေသနဆန်းစစ်မှုလုပ်ငန်းများတွင် အဓိကမိတ်ဖက်အဖွဲ့အစည်းအဖြစ် ပါဝင်ခဲ့ကြောင်းလည်း သိရ၏။

နော်ဝေနိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီက ရန်ပုံငွေထောက်ပံ့သည့် EAF-Nasen Programme ၏ အစိတ်အပိုင်းတစ်ခုအဖြစ် မြန်မာ့ငါးသယံဇာတအခြေအနေတိုင်းတာမှုကို ၁၉၇၉ ခုနှစ်မှ ၂၀၁၈ ခုနှစ်အထိ လေ့လာဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် ၁၉၇၉ ခုနှစ် စက်တင်ဘာမှ နိုဝင်ဘာအထိ မုတ်သုန်နှောင်းပိုင်းကာလ၊ ၁၉၈၀ ပြည့်နှစ်တွင် မုတ်သုန်အစပိုင်း မတ်မှ ဧပြီအထိ၊ ၂၀၁၃ ခုနှစ်တွင် မုတ်သုန်နှောင်းပိုင်း နိုဝင်ဘာမှ ဒီဇင်ဘာထိ၊ ၂၀၁၅ ခုနှစ်တွင် မုတ်သုန်အစပိုင်း ဇွန်၊ ၂၀၁၈ ခုနှစ်တွင် မုတ်သုန်ရာသီကာလအတွင်း ဩဂုတ်မှ စက်တင်ဘာအထိ ကာလများတွင် အချိန်ကာလ ခွဲခြားလေ့လာခဲ့ကြောင်း သိရ၏။

ဤလေ့လာချက်များအရ ၁၉၈၈ ခုနှစ် ရလဒ်များနှင့်နှိုင်းယှဉ်ရာတွင် ရေပေါ်လွှာငါးများ၊ ရေအောက်ကြမ်းပြင်နေငါးများ၏ ထုထည်ပမာဏ အဓိကလျော့နည်းလာသည်ကို တွေ့ရကြောင်းလည်း ဆို၏။

၁၉၇၉-၈၀ ခုနှစ်၏ ပျမ်းမျှရေပေါ်လွှာနေ ငါးထုထည်ပမာဏခန့်မှန်းထွက်ချက်မှုမှာ တန်ချိန် တစ်သန်းခန့် ဖြစ်သော်လည်း ၂၀၁၃-၂၀၁၅ ခုနှစ်နှင့် ၂၀၁၈ ခုနှစ်များ၏ ပျမ်းမျှရေပေါ်လွှာနေ ငါးထုထည်ပမာဏမှာ တန်ချိန် ၁၆၀,၀၀၀ မျှသာရှိတော့ကြောင်းလည်း သိရ၏။

လက်ရှိရေပေါ်လွှာငါးထုထည်မှာ ၁၉၇၉-၈၀ ခုနှစ်ထက် ၈၀ ရာခိုင်နှုန်းခန့် လျော့နည်းလာခြင်းဖြစ်၏။ ရေအောက်ကြမ်းပြင်နေ ငါးသယံဇာတတည်ရှိနေမှုမှာလည်း ၁၉၇၉-၈၀ ခုနှစ်ကထက် ၆၀ ရာခိုင်နှုန်း လျော့နည်းလာကြောင်းသိရ၏။

၁၉၇၉-၈၀ ခုနှစ်က ပျမ်းမျှအောက်ခြေနေ ငါးထုထည်ပမာဏ ခန့်မှန်းထွက်ချက်မှုမှာ တန်ချိန် ၇၅၀,၀၀၀ ခန့်ဖြစ်သော်လည်း၊ ၂၀၁၃-၂၀၁၅ ခုနှင့် ၂၀၁၈ ခုနှစ်များ၏ပျမ်းမျှရေအောက်နေ ငါးထုထည်ပမာဏမှာတန်ချိန် ၃၁၀,၀၀၀ မျှသာရှိတော့ကြောင်းဖြင့်သိရ၏။

ထို့အတူပင် ၁၉၇၉-၈၀ ခုနှစ်နှင့် ၂၀၁၃-၁၈ ခုနှစ်သုတေသနဆောင်ရွက်သည့် ကာလများအကြား ရေအောက်ကြမ်းပြင်ငါးများပြောင်းလဲမှုမှာ သက်တမ်းရှည်ပြီး စီးပွားရေးအရ အရေးပါသောငါးမျိုးစိတ်များ သိသိသာသာ ကျဆင်းသွားပြီး အချို့သော သက်တမ်းတို တန်ဖိုးနည်းငါးမျိုးရင်းများ ဖြစ်သော ငါးပူတင်း၊ ငါးခြသေ့်နီ၊ ငါးဆင်နင်းငါးများ တိုးပွားလာနေသည်ကိုတွေ့ရကြောင်း သိရသည်။

### ပလတ်စတစ်အမှုန်များ

၁၉၇၉-၁၉၈၀ ခုနှစ် သုတေသနရလဒ်များနှင့် ၂၀၁၃-၂၀၁၈ ခုနှစ်သုတေသနရလဒ်များအရ စီးပွားရေးအရ အရေးပါသောငါးမျိုးစိတ်အမြောက်အမြား သိသိသာသာကျဆင်းသွားပြီး တန်ဖိုးနည်း အချို့သောငါးမျိုးစိတ်များမှာ သိသိသာသာတိုးပွားနေသည်ဆို၏။ စာရေးသူမှာ ခြောက်ကပ်ကပ်နိုင်လှသော စစ်တွေမြို့မဈေးအတွင်းမှ ငါးဈေးကြီးကို ကြည့်ပြီး မြန်မာ့ရေငန်ငါးသယံဇာတများအခြေအနေကို တွေးတောနေမိခြင်း ဖြစ်သည်။

ထို့ထက် ရခိုင်ကမ်းရိုးတန်းရေပြင်ရေတိမ်ပိုင်းများတွင် အလွန်သေးငယ်သော ပလတ်စတစ်အမှုန်( micro –plastic Prticle)များကို တွေ့နေရ၏။ မြစ်ချောင်းများ၌ ပါဝင်မှုမြင့်မားနေသည်ကို တွေ့ရှိရခြင်းမှာ ကုန်းမြေမှတစ်ဆင့် စီးဝင်လာမှုများပြားခြင်းကြောင့်ဖြစ်သည်ဟု ယူဆရကြောင်း သုံးသပ်ထားသည်ကို တွေ့ရပါ၏။

အဆိုပါပလတ်စတစ်အမှုန်များသည် ရေထဲ၌ပျော်ဝင်ကာ ငါးများခန္ဓာကိုယ်ထဲသို့ရောက်ရှိပြီး ယင်းငါးများကို စားသုံးသူများသည် ကင်ဆာရောဂါဖြစ်စေနိုင်သဖြင့် သတိထားသင့်သည့် အချက်တစ်ချက်ဖြစ်ကြောင်းလည်း ငါးလုပ်ငန်းဦးစီးဌာန တာဝန်ရှိသူများက ပြောကြ၏။

သို့ဖြစ်ရာ ပလတ်စတစ်အမှုန် တွေ့ရှိမှုမှာလည်း စိုးရိမ်စရာအခြေအနေပင်ဖြစ်ပေ၏။ မြစ်ဝကျွန်းပေါ်ဒေသများတွင် အနည်းငယ်သာ တွေ့ရှိရသော်လည်း မြစ်ချောင်းများတွင် ပါဝင်မှုမြင့်မားနေသည်ဟုလည်းဆို၏။

### ထိန်းသိမ်းရန် လိုအပ်

ပြည်သူများသည် အကြောင်းအမျိုးမျိုးကြောင့် အပြင်ထွက်သွားလာမှုနည်းပါးလာကြ၏။ အထူးသဖြင့် သက်ကြီးပိုင်းများဖြစ်ကြသည်။ မိမိတို့အိမ်အတွင်း နေထိုင်ကြရချိန်တွင် စားသုံးသောအစားအစာများမှာ အာဟာရဓာတ် မျှတစွာရရှိစေရန် ငါးစားသုံးခြင်းသည် ကျန်းမာရေး(အထူးသဖြင့် ကိုယ်ခံအား ကောင်းမွန်ရေး)အတွက် အကျိုးရှိပါသဖြင့် ပြည်သူများ ငါးစားသုံးကြပါရန် တိုက်တွန်းကြောင်း အသိပညာပေးရေးသားချက်များကိုလည်း တွေ့ရသည်။

စစ်တွေမြို့မဈေးကြီး၏ငါးဈေးတန်းတွင်ငါးရောင်းချသူများမှာ လွန်ခဲ့သော ၁၀ နှစ်ခန့်ကလို ပေါပေါများများမရှိတော့။ ခြောက်ကပ်ကပ်နိုင်သလို ငါးကြီးများကိုလည်း မတွေ့ရတော့။ ငါးအသေးအမွှားများကိုသာ အများဆုံးတွေ့ရတော့သည်။ အဆိုးထဲမှ အကောင်းဟု ဆိုရမလားမသိ။ တန်ဖိုးနည်းငါးတွေ ပေါလာသဖြင့် ဈေးဖိုးနည်းနည်းဖြင့် အာဟာရပြည့်ဝသောငါးများကို ဝယ်ယူစားသုံးခွင့် ရနေသေးသည်မှာ အာဂပါးစပ်၊ လူဖြစ်ကျိုးနပ်လှပြီဟု ဝင့်ကြွားနိုင်ရမည်ပင်ဖြစ်ပါ၏။

သို့ရာတွင် ငါးသယံဇာတများ ယခုထက် နည်းပါးမသွားနိုင်ရေး ဝိုင်းဝန်းဆောင်ရွက်သွားကြရန် လိုအပ်နေ၏။ **မြန်မာ့ရေပြင်တွင် ရေငန်ငါးသယံဇာတများ လျော့နည်းလာနေကြောင်း တွေ့ရှိထုတ်ပြန်ခဲ့ပြီးဖြစ်၏။ ဤသို့လျော့နည်းလာခြင်းမှာ အလွန်အကျွံဖမ်းဆီးခြင်းများကြောင့်ဖြစ်ကြောင်း သိရ၏။**

**ပင်လယ်ကြမ်းပြင် မညစ်မနွမ်းစေရန်၊ ငါးနေငါးထိုင်နေရာ မပျက်စီးစေရန်၊ အလွန်အကျွံဖမ်းဆီးခြင်း မပြုရန်နှင့် ထိန်းသိမ်းစောင့်ရှောက်သွားကြရန် လိုအပ်မည်ဖြစ်ပါ၏။ ရည်ညွှန်း ။ ။**

(Dr.Fridtjof Nansen သုတေသနရေယာဉ်ဖြင့် မြန်မာ့ရေပြင်အတွင်းဆောင်ရွက်ခဲ့သော အဏ္ဏဝါရေပြင် ဂေဟစနစ်နှင့် ငါးသယံဇာတတည်ရှိမှုအခြေအနေများ သုတေသနရလဒ်များ စာတမ်းမှအချက်အလက်များကို ရယူပါသည်။) **ကျွန်းသားငမန်း**

**စာ-၁၂ ဆေးဖက်ဝင် မှ**

သိမ်ရွက်သည် ပင်ပန်းနွမ်းနယ်နေသည့် အာရုံကြောများကို အနားရစေပြီး စိတ်ဖိစီးမှုကို လျော့ကျစေရန် ပံ့ပိုးပေး၏။

အိမ်တိုင်း၏ မီးဖိုဆောင်တွင် ဟင်းလျာများကို ချက်ပြုတ်ရာတွင် ပျဉ်းတော်သိမ်ရွက်ကို ဟင်းခတ်အမွှေးအကြိုင်အဖြစ် အသုံးပြုတတ်ကြ၏။

-ကြက်သား၊ ငါး၊ ဆိတ်သား၊ အမဲသားတို့ကို ချက်ပြုတ်သည့်အခါ အသားညှီနံ့ သက်သာစေရန် ပျဉ်းတော်သိမ်ရွက်ကို ဆီသတ်ရာတွင်ထည့်ပြီး အသုံးပြုကြ၏။

-ပဲမျိုးစုံကို ပဲကုလားဟင်း၊ ပဲနီလေးကြာဇံဟင်းရည်စသဖြင့်အရည်သောက်ဟင်းချိုချက်ရာတွင်လည်းကောင်း၊ ဗယာကြော်သုပ်၊ ပဲလက်သုပ်အပါအဝင် အသုပ်များ ပြုလုပ်ရာတွင်လည်း ပျဉ်းတော်သိမ်ရွက်ဆီသတ်ပြီး ထည့်သွင်းချက်ပြုတ်ကြ၏။

-ဆန်လုံးစီကြော်၊ ကောက်ညှင်းခွက်ကြော်၊ ထမင်းခြောက်ကြော်၊ စာကလေးခွေကြော်၊ မြေပဲဆန်ကြော်သည်မှစပြီး အာလူးကြော်၊ ဗယာကြော် စသည့် အကြွပ်ကြော်များ ချက်ပြုတ်ပြင်ဆင်ရာတွင်လည်း ပျဉ်းတော်သိမ်ရွက်ကို ဆီပူထဲကြော်၊ အအေးခံပြီး ထည့်တတ်ကြ၏။



-ဟင်းသီးဟင်းရွက်များကို ဘာလချောင်ကြော်သည့်အခါတွင်လည်း ပျဉ်းတော်သိမ်ရွက်ကိုကြော်ပြီး အတူထည့်သွင်း ပြင်ဆင်စားသောက်တတ်ကြ၏။

ပျဉ်းတော်သိမ်ရွက်ကို ဟင်းလျာများချက်ပြုတ်ရာတွင် ထည့်သွင်းအသုံးပြုခြင်းသာမက ဆံကေသာနှင့် အသားအရေ ကျန်းမာစေရန်အတွက်လည်း အသုံးပြုကြ၏။

-ပျဉ်းတော်သိမ်ရွက်ကို ကြိတ်ချေပြီးလျှင် နနွင်းနှင့် ဒိန်ချဉ်တို့နှင့်အတူရောစပ်ကာ အနှစ်ပြုလုပ်ပြီးလျှင် အရေပြားပေါ်တွင် လိမ်းကျံပေးခြင်းဖြင့် အရေပြားယားယံခြင်း၊ အဖုအပိန့်များဖြစ်ခြင်းတို့ကို သက်သာစေခြင်းနှင့်အတူ အသားရေဝင်းမွတ် လှပစေနိုင်၏။

-သန့်စင်အောင်ဆေးကြောထားသော ပျဉ်းတော်သိမ်ရွက် လက်တစ်ဆုပ်ခန့်ကို ရေတစ်ဖန်ခွက်ဖြင့် ပွက်ပွက်ဆူအောင် တည်ပါ။ ပြီးလျှင် မီးအားကို လျှော့ပြီး ရေဓာတ်ကုန်သည်အထိ တည်ပါ။ ရရှိလာသည့် ပျဉ်းတော် သိမ်ရွက်ကို အနှစ်ဖြစ်အောင်ချေပြီးနောက် အုန်းဆီနှင့်သမအောင် ရောမွှေပေးပါ။ ပြီးလျှင် ဦးရေပြားကို နှံ့စပ်အောင်လိမ်းကျံပေးခြင်းဖြင့် ဆံကေသာကို မည်းနက် တောက်ပြောင် သန်စွမ်းစေ၏။

-ဆံကေသာအရင်းပိုင်း ကြံ့ခိုင်သန်စွမ်းစေရန်အတွက် ပျဉ်းတော်သိမ်ရွက်ကို အနှစ်ပြုလုပ်ပြီး သံပရာရည်နှင့် သမအောင်ရောစပ်ပြီး လိမ်းကျံပေးနိုင်၏။

-အရွယ်မတိုင်ခင် ဆံပင်ဖြူခြင်း၊ ဝက်ခြံပေါက်ခြင်း၊ မေးရိုးကြံ့ခိုင်ခြင်း၊ သွားများသန့်စင်စေခြင်းနှင့် အဆိပ်ရှိသော သတ္တဝါများအကိုက်ခံရခြင်းတို့အတွက် ပျဉ်းတော်သိမ်ရွက်ကို ဆေးအဖြစ် အသုံးပြုကြ၏။

**ကြေးမုံငယ်**

# မွေးမြူရေးဆိုင်ရာ သုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေး သင်တန်းများ ဖွင့်လှစ်မည်

နေပြည်တော် အောက်တိုဘာ ၂၃

မွေးမြူရေးဆိုင်ရာ သုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးအတွက် နွား၊ ကြက်၊ ဝက် မေထုန်မဲ့သားစပ်နှင့် ငါးသားဖောက်သင်တန်းများကိုလည်း ဖွင့်လှစ်ပေးသွားရန် စီစဉ်လျက်ရှိကြောင်း သိရသည်။





ယခု နွား၊ ကြက်၊ ဝက်၊ ငါးမျိုးကောင်းမျိုးသန့် မွေးမြူထုတ်လုပ်ရေးသင်တန်းကိုလည်း မွေးမြူရေးသုတေသန ဦးစီးဌာနက ဖွင့်လှစ်ပေးလျက်ရှိသည်။

မွေးမြူရေးသုတေသန ဦးစီးဌာနအနေဖြင့် လယ်ယာ၊ သားငါးကဏ္ဍဖွံ့ဖြိုး တိုးတက်ရေးနှင့် ခေတ်မီနည်းပညာများ အသုံးပြုပြီး ဖွံ့ဖြိုးတိုးတက်လာရေး စားရေရိက္ခာဖူလုံရေး၊ ပြည်သူများ၏ အာဟာရပြည့်ဝရေးနှင့် ပြောင်းလဲလာသည့် ရာသီဥတုနှင့် ညီညွတ်သော မွေးမြူရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်ရန် သုတေသနရလဒ်ကောင်းများ ရရှိရေး၊ မျိုးကောင်းမျိုးသန့်များနှင့် နည်းပညာသစ်များ ရှာဖွေဖော်ထုတ်ပေးနိုင်ရေးကိုလည်း ဆောင်ရွက်လျက် ရှိသည်။

သုတေသနလုပ်ငန်းများ ပြည့်ဝစွာ ဆောင်ရွက်နိုင်ရန်အတွက် သုတေသနပညာရပ်ဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးနှင့် နည်းပညာဆိုင်ရာ သုတေသနဖွံ့ဖြိုးရေးလုပ်ငန်းအဖြစ် နွား၊ ကြက်၊ ဝက်၊ ငါးမျိုးကောင်းမျိုးသန့် မွေးမြူထုတ်လုပ်ရေး သင်တန်းများ ဖွင့်လှစ်ကာ နည်းပညာပေးသင်တန်းများ တိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။




ထို့နောက် မွေးမြူရေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ သန်းနိုင်ထွန်းက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်နှင့် နွား၊ ကြက်၊ ဝက်၊ ငါးမွေးမြူမှုနှင့် ဆောင်ရွက်မည့် သုတေသနလုပ်ငန်းများကို ရှင်းလင်း တင်ပြသည်။

မြန်မာနိုင်ငံ၏ ဒေသရေမြေရာသီဥတုနှင့် ကိုက်ညီပြီး ရောဂါဒဏ်ခံနိုင်သည့် ထုတ်လုပ်မှုကောင်းသည့် မျိုးကောင်းမျိုးသန့် တိရစ္ဆာန်များ မွေးမြူထုတ်လုပ်ရေး သုတေသန နည်းပညာသစ်များ ဖော်ထုတ်ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ရက်သတ္တပတ်နှစ်ပတ်ကြာ ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ သင်တန်းတွင် သင်တန်းသား၊ သင်တန်းသူ ၄၂ ဦး တက်ရောက်လေ့လာလျက်ရှိကြောင်း သိရသည်။

ယခုဖွင့်လှစ်သော သင်တန်းတွင် နွားမျိုးမြှင့် သားဖောက်ခြင်းနှင့် မျိုးကောင်းမျိုးသန့် မွေးမြူထုတ်လုပ်ခြင်းဆိုင်ရာ ဘာသာရပ်၊ ဒေသကြက် မျိုးမြှင့်တင်ခြင်းနှင့် မျိုးကောင်း မျိုးသန့် မွေးမြူထုတ်လုပ်ခြင်းဆိုင်ရာ ဘာသာရပ်၊ ဝက်မျိုး မြှင့်တင်ခြင်းနှင့် မျိုးကောင်းမျိုးသန့် မွေးမြူထုတ်လုပ်ခြင်းဆိုင်ရာ ဘာသာရပ်၊ ငါးပုစွန်အစာ အာဟာရဗေဒဘာသာရပ်နှင့် ငါးမျိုးမြှင့်သားဖောက်ခြင်းနှင့် မျိုးကောင်းမျိုးသန့် မွေးမြူထုတ်လုပ်ခြင်းဆိုင်ရာ ဘာသာရပ်များနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးဖွံ့ဖြိုးတိုးတက်စေရန် ခေတ်မီနည်းပညာများ အသုံးချခြင်းဘာသာရပ်များကို ပို့ချပေးမည်ဖြစ်သည်။ MOALI ပြန်ကြားရေး






# ရေသယံဇာတ ထိန်းသိမ်းရေး

ကျွန်းသားမေန်း



**လူတို့၏နေ့စဉ်စားသုံးရမည့်ပရိုတင်းဓာတ်လိုအပ်မှုတွင် ငါးအာဟာရသည် အရေးကြီးသော အသားဓာတ်အရင်းအမြစ်တစ်ခုဖြစ်သည်။ ငါးစားသုံးပေးခြင်းဖြင့် ငါးတွင်ပါဝင်သော ဗီတာမင်ဒီမှ ရောဂါပိုးများ ခုခံ ကာကွယ်ရေးနှင့် ကိုယ်ခံစွမ်းအား ကောင်းမွန်ရေးအတွက် အထောက်အပံ့ဖြစ်စေသည်။**

ငါးရိက္ခာသည် ဝေတ်မွတ်မှုနှင့်အဟာရဓာတ် ချို့တဲ့မှုတိုက်ဖျက်ရေးအတွက် အရေးကြီးသောအခန်းကဏ္ဍမှ ပါဝင်လျက်ရှိပြီး ငါးအဟာရဓာတ်သည် စားသုံးသူပြည်သူများအတွက် အသားဓာတ်အပြင် ကျန်းမာစေသောအဆီဓာတ်၊ အိုမီဂါ-၃ မပြည့်ဝဆီ၊ ကယ်လ်စီယမ်နှင့် သတ္တုဓာတ်များကိုလည်း ဖြည့်တင်းပေးနိုင်သည်။

ထို့ကြောင့်ပင် လူတို့၏ရုပ်ပိုင်းဆိုင်ရာ ကျန်းမာရေး၊ စိတ်ပိုင်းဆိုင်ရာ ဉာဏ်ရည် တိုးတက်မြင့်မားရေးအတွက် လိုအပ်သည့် ပရိုတင်းဓာတ် ရရှိရေးတွင် ငါးအာဟာရသည် လူတိုင်းနှင့်လက်လှမ်းမီသော ဈေးနှုန်းဖြင့် ဝယ်ယူစားသုံးနိုင်သော အာဟာရတစ်ခုဖြစ်ပေသည်။



## လူတို့၏ စားသုံးမှု

ပင်လယ်ကမ်းနားနှင့်မြစ်နား၊ ချောင်းနားတွင်တည်ရှိသော မြို့ကြီးများ၏ဈေးတန်းများအတွင်း ငါးဈေးတန်း၌ ငါးကြီးများကအစ ငါးအသေးအမွှားများကိုတွေ့နိုင်သည်။ လူတန်းစားမရွေး ငါးကို ဝယ်စားနိုင်သည်။

လူတို့သည် လိုအပ်သော အသားဓာတ်၊ အဆီဓာတ်များ အိုမီဂါ-၃ မပြည့်ဝဆီ ပါဝင်သော အဆီဓာတ်ကြွယ်ဝသည့်ငါးများ၊ အကြေးခွံအမျိုးအပြားနှင့် အရိုးပါဝါးစားနိုင်သော ငါးသေးလေးများကို ဝယ်ယူစားသုံးနိုင်ကြ၏။ ငါးတစ်ကောင်လုံး၏ ၃၀ ရာခိုင်နှုန်းမှ ၇၀ ရာခိုင်နှုန်းသည် တန်ဖိုးနည်းသောအစိတ် အပိုင်းဖြစ်သော်လည်း ၎င်းတို့တွင် အာဟာရ တန်ဖိုး မြင့်မားစွာ ပါဝင်နေသည်။

FAO ၏ထုတ်ပြန်ချက်ကိန်းဂဏန်းများအရ ကမ္ဘာတစ်ဝန်းရှိ ၃ ဒသမ ၁ ဘီလီယံကျော်လူသားများအနေဖြင့် တိရစ္ဆာန်က ရရှိသော အသားဓာတ်စုစုပေါင်း၏ ၂၀ ရာခိုင်နှုန်းကို ငါးမှရရှိသော ငါးရိက္ခာအပေါ် မှီခိုစားသောက်လျက်ရှိနေကြောင်း သိရ၏။ ၁၉၆၁ ခုနှစ်တွင် ကမ္ဘာတစ်ဝန်း၌ လူတစ်ဦးလျှင် ငါးစားသုံးမှု ကိုးကီလိုဂရမ် ရှိခဲ့ရာမှ ယနေ့အချိန်တွင် လူတစ်ဦးလျှင် ငါးစားသုံးမှု ၂၀ ကီလိုဂရမ်အထိ မြင့်တက်လာကြောင်းသိရသည်။

စာရေးသူနေထိုင်ရာ စစ်တွေမြို့တော်သည် ပင်လယ်ကမ်းရိုးတန်း မြို့တော်ဖြစ်၏။ ပင်လယ်ငါး ပေါပေါများများရရှိနိုင်သော နေရာတစ်ခုလည်းဖြစ်၏။ သို့ရာတွင် စစ်တွေဈေးကြီးတွင် ငါးရောင်းချမှု နည်းပါးလာ၏။ ငါးတင်ရောင်းသည့်ခုံများမှာ ဈေးသည် အပြည့်မရှိတော့။ ဈေးခုံတန်း၏ထက်ဝက်ခန့်တွင်သာ ငါးရောင်းချမှု တွေ့ရတော့သည်။

စာရေးသူတို့ မက်မက်မောမော ရှိခဲ့သည့် ငါးကြီးခုတ်သားများ မစားရတော့။ ငါးသတ်(ကကတစ်)၊ ငါးလက်ခွာ(ကကူရံ)၊ ငါးဆပ်ဖာ(နတ်ကတော်) စသည့် ငါးကြီးများ မမြင်မတွေ့ရတာကြာပြီ။ အဆိုပါငါးများမှာ တစ်ကောင်လျှင် ၃-ပေ၊ ၄-ပေ ခန့်ရှည်သောငါးကြီးများဖြစ်ကြ၏။ အရွယ်အစားမှာလည်း ၃-၄ ထွာဆိုင်မျှကြီးမားပေ၏။

ထို့မျှသာလော။ မဟုတ်သေး။ ခြေသလုံးလောက်ကြီးသည့် သင်းပိုးထိုး (ငါးရွှေ)များကိုလည်း မတွေ့ရတော့။ ငါးခြောက်တန်းတွင်လည်း ငါးသတ်၊ ငါးလက်ခွာ၊ ငါးဆတ်ဖာ ငါးခြောက်များ မတွေ့ရတော့။ စောင်းကောက် ကဲ့သို့အခြောက်လှန်းထားသော ငါးရွှေခြောက်များကိုလည်း မမြင်ရတော့။ ငါးလက်ခွာ (ကကူရံ) ခြောက်ဆိုလျှင် ရခိုင် ဒေသ၌ပြုလုပ်သော မင်္ဂလာအလှူပွဲများ ဧည့်ခံရာတွင် မပါမပြီးသောငါးဖြစ်၏။ ထို့ကြောင့် နေရာတကာ ဟိုစပ်စပ်၊ သည်စပ်စပ် ပွဲတိုင်းတွင်ပါဝင်ကာ လူတွင်ကျယ် လုပ်တတ်သူများကိုပင် ‘လက်ခွာခြောက်’ဟု အမည်တပ်လေ့ရှိ၏။ မြို့၊ ရွာများမှာ၊ ရပ်ကွက်များမှာ လက်ခွာခြောက်လို လူတန်းစားတွေရှိတတ်သည်။

ယခုတော့ ငါးလက်ခွာခြောက်က ရှားသွားပြီ။ စာရေးသူမှာ ဈေးဝယ်ရင်းဖြင့် မြင်တွေ့နေရသည့် ရေနေငါးသတ္တဝါများ ရှားပါးလာမှုကို စဉ်းစားဖြစ်၏။

## မြန်မာ့ရေချိုငါး သယံဇာတများ အခြေအနေ

ကမ္ဘာပေါ်တွင် မြန်မာနိုင်ငံသည် ၁၇ နိုင်ငံမြောက် ရေငန်ငါးအများဆုံးဖမ်းဆီးထုတ်လုပ်သည့်နိုင်ငံဖြစ်ကြောင်း သိရ၏။ မြန်မာနိုင်ငံ၏ ငါးလုပ်ငန်းကဏ္ဍသည်နိုင်ငံ၏ စီးပွားရေးနှင့် အမျိုးသားအစားအစာလုံခြုံရေးအတွက် အရေးကြီးသည့်အခန်းကဏ္ဍတွင် ပါဝင်နေကြောင်း သိရ၏။

**ငါးလုပ်ငန်းကဏ္ဍသည် အကြမ်းအားဖြင့် မြန်မာနိုင်ငံ၏စုစုပေါင်း ပြည်တွင်းအသားတင် ထုတ်ကုန်၏ ၂ ရာခိုင်နှုန်း(ဂျီဒီပီ)၊ တိရစ္ဆာန်ပရိုတင်းသုံးစွဲမှု၏ ၅၀ ရာခိုင်နှုန်း၊ အလုပ်လက်မဲ့ ၆ ရာခိုင်နှုန်းမှ ၃၄ ရာခိုင်နှုန်းအထိ မြင့်တက်နေသည့် အချို့သောကမ်းရိုးတန်းဒေသများနှင့်တိုင်းဒေသကြီးများနှင့် ပြည်နယ်အစိုးရများ၏ ၅၆ ရာခိုင်နှုန်းအထက် ဝင်ငွေများရရှိရန် အထောက်အကူ ပြုပေးနေကြောင်းဖြင့်လည်းသိရ၏။**

မြန်မာပြည်သူများ၏ လူမှုစီးပွားဘဝအတွက် ရေငန်ငါးလုပ်ငန်းသည်လည်း အရေးပါသောလုပ်ငန်းတစ်ရပ်ဖြစ်သည်။

ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် လက်ရှိ

စာ-၁၈ သို့

